# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး


*စာမျက်နှာ ၄ ကော်လံ ၁* ■


## သတင်းထုတ်ပြန်ချက်

### နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတို့၏ တာဝန်မဲ့ ပြောဆိုချက်၊ ထုတ်ပြန်ချက်များအပေါ် ပြင်းထန်စွာကန့်ကွက်

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဖြိုးဇေယျာသော်နှင့် ကျော်မင်းယုတို့အပါအဝင် အကြမ်းဖက်သမားလေးဦးအား ပြစ်ဒဏ်ချမှတ်ခဲ့မှုနှင့်ပတ်သက်၍ ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံးတို့၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၄ ရက်က ထုတ်ပြန်ချက်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောရေးဆိုခွင့်ရှိသူ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃ ရက်က ထုတ်ပြန်ချက်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်က ထုတ်ပြန်ချက်များကို ရည်ညွှန်းဖော်ပြအပ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လက်ရှိအစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် အခွင့်အာဏာများကို အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိသည်။ နိုင်ငံသားတိုင်းသည် တရားဥပဒေနှင့်အညီ တန်းတူအခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်ပေးမှုများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ တရားဥပဒေအရ စီရင်ဆုံးဖြတ်မှုကိုလည်း လက်ခံကြရမည်ဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❖





မြန်မာ့အလင်း

# ကျူးလွန်ခံခဲ့ရသူတို့အတွက် တရားမျှတမှုရရှိပိုင်ခွင့်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရသဖြင့် အကြမ်းဖက်သမား လေးဦးအား သေဒဏ်အမိန့် ချမှတ်ခဲ့မှုနှင့် ပတ်သက်၍ ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတို့၏ တာဝန်မဲ့ပြောဆိုချက်၊ ထုတ်ပြန်ချက်များအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည်လည်း လွတ်လပ်သည့်တရားစီရင်ရေးစနစ်ဖြစ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားသုံးပါး ထွန်းကားမှ လူ့ဘောင်ဘဝ ထွန်းကားတိုးတက်နိုင်မည်ဖြစ်သည်။ လူသည် တရားဥပဒေကို အကာအကွယ်အစောင့်အရှောက်အဖြစ် အသုံးပြုနိုင်သလို တရားဥပဒေနှင့်အညီ နေထိုင်ကြရမည်ဖြစ်ပြီး တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်မှုကိုလည်း ခံယူကြရမည်ဖြစ်သည်။ အပြစ်ရှိသူကို ထိုက်သင့်သောအပြစ်ပေးရန်နှင့် အပြစ်မရှိသောသူကို ဥပဒေအရ ကာကွယ်ပေးရန်မှာ တရားရုံးတို့၏ အဓိကဝတ္တရား ဖြစ်သည်။

ယခု အကြမ်းဖက်မှုကျူးလွန်ခဲ့သူများ၏ အခြားတစ်ဖက်တွင် ကျူးလွန်ခံခဲ့ရသော အပြစ်မဲ့ပြည်သူများ ရှိနေသည်ကိုလည်း သတိမူရမည်ဖြစ်ပြီး ကျူးလွန်ခံခဲ့ရသူများအတွက် တရားမျှတမှု ပေါ်ပေါက်ရေး၊ တရားမျှတမှုရရှိရေးတို့ကိုလည်း လေးစားကြရန်လိုသည်။ အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ရသူများတွင် သံဃာတော်များ၊ ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေး၊ အကျဉ်းဦးစီး၊ နတလ၊ သစ်တော၊ လျှပ်စစ်စသည့်ဌာနဆိုင်ရာများမှ ဝန်ထမ်းအများအပြား သေဆုံး၊ ဒဏ်ရာရခဲ့ကြသလို အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသူများ ရာနှင့်ချီ၍ ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များ ဖြစ်ပွားခဲ့စဉ်က သတင်းများ ထုတ်ပြန်ခဲ့သလို သတင်းစာရှင်းလင်းပွဲများတွင်လည်း သက်သေအထောက်အထားများစွာနှင့်တကွ ထုတ်ပြန်ရှင်းလင်းခဲ့သည်။ ယခု အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အကြမ်းဖက်သမား လေးဦးသေဒဏ်ချမှတ်ခံရခြင်းအပေါ် တာဝန်မဲ့ပြောဆို၊ ထုတ်ပြန်ခဲ့သူများမှာ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများအား ဒေါက်တိုင်များ၊ ဒလန်များဟူ၍ စွပ်စွဲပြီး အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့စဉ်က မသိချင်ယောင်ဆောင်ကာ နှုတ်ဆိတ်နေခဲ့ကြသူများသာ ဖြစ်သည်။

အသက်ရှင်ခြင်း၊ လွတ်လပ်ခြင်းနှင့် လုံခြုံခြင်းကို ရရှိခွင့်သည် လူတိုင်းအတွက် လူ့အခွင့်အရေးဖြစ်သည်။ ထိုလူ့အခွင့်အရေးကို မျက်ကွယ်ပြု ဖောက်ဖျက်ကာ နိုင်ငံရေးရည်မှန်းချက်အတွက် အပြစ်မဲ့အရပ်သားများကို လုပ်ကြံသတ်ဖြတ်ခဲ့သူသည် အကြမ်းဖက် လူသတ်သမားသာဖြစ်ပြီး တရားဥပဒေနှင့်အညီ တရားစီရင်မှုသည် တရားရုံးတို့၏ တာဝန်ဖြစ်သလို ကျူးလွန်ခံခဲ့ရသူတို့အတွက် တရားမျှတမှု ရရှိပိုင်ခွင့်ပင် ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၃)မှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၁ (မန္တလေး) ကို ကြားဖြတ်အမိန့်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၁၇/၂၀၂၀ (ရန်ကုန်)၊ ၁၈/၂၀၂၀(ရန်ကုန်)နှင့် ၇/၂၀၂၂ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု (၃) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၀/၂၀၂၁ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၂၅ / ၂၀၂၁ (တနင်္သာရီ)၊ ၂၆ / ၂၀၂၁ (တနင်္သာရီ)၊ ၃၁/၂၀၂၁ (မန္တလေး) နှင့် ၈/၂၀၂၂ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက် တိုးမြှင့်ဖိတ်ခေါ်ခြင်း

မြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ (၂၄၈၂) ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇ - ၆ - ၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ် "** ခေါင်းစဉ်ဖြင့် ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာမကြီးတစ်ဦး သေဆုံး၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂွမြို့နယ်တွင် မြစိမ်းရောင်ရန်ပုံငွေ ထုတ်ချေးပေး

**ဂွ ဇွန် ၆**

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၅ ရက်က ဘိုကလေး(ကျောင်းကုန်း)၊ သပြုချောင်း - ဒယ်ပုတ်နှင့် ဂျိုင်းကြီး - ပလ္လင်မော်-ရွာသစ် ကျေးရွာသုံးရွာတို့တွင် ဒေသခံပြည်သူများအား တာဝန်ရှိသူများက ထုတ်ချေးပေးလျက်ရှိကြောင်း ဂွမြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းလင်းကျော်၏ ပြောကြားချက်အရ သိရသည်။

ယင်းကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ထုတ်ချေးပေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးအား ငွေကျပ် ၂၈ ဒသမ ၇၁၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃၉ ဦးအား ငွေကျပ် ၈၂ ဒသမ ၆၉၀ သန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးအား ငွေကျပ် ၁၃ ဒသမ ၆၂၀ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦးအား ငွေကျပ် ၃၀ ဒသမ ၈၂၀ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးအား ငွေကျပ် ၂ ဒသမ ၅၆၀ သန်း စသည်ဖြင့် အသင်းသား စုစုပေါင်း ၄၀၆ ဦးတို့အား ငွေကျပ် ၁၅၈ ဒသမ ၄၀၀ သန်းတို့ကို ကျေးရွာအရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၄၈) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၆

**၂၀၂၂ ခုနှစ် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက် ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ သက်သက်ခိုင်နှင့် ဒေါက်တာ ဌေးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဦးသန်းအောင်ကျော်၊ ဦးစန်းလွင်၊ ဦးအေးထွန်း၊ ဒေါက်တာဇော်မြင့်၊ ဦးမျိုးလှိုင်၊ ဦးဇော်အေးမောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ လက်ဝှေ့အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ယှဉ်ပြိုင်အနိုင်ရရှိ**

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၅၂)ကီလိုတန်းပြိုင်ပွဲတွင် လမင်းကိုကို (ရန်ကုန်တိုင်း) က အေးကိုဇင် (ကရင်ပြည်နယ်) ကို လည်းကောင်း၊ အမျိုးသား (၆၄) ကီလိုတန်းပြိုင်ပွဲတွင် အောင်စိုးမိုး (မန္တလေးတိုင်း)က ဇွဲဝေလျှံဖြိုး(နေပြည်တော်)ကိုလည်းကောင်း၊ အမျိုးသား (၆၉) ကီလိုတန်းပြိုင်ပွဲတွင် ကျော်စွာထွန်း(မန္တလေးတိုင်း)က သက်ဝေ (ကရင်ပြည်နယ်) ကို လည်းကောင်း၊ အမျိုးသား (၇၅) ကီလိုတန်းပြိုင်ပွဲတွင် အောင်သူ (မန္တလေးတိုင်း) က စောဂလယ်ထွန်း (ကရင်ပြည်နယ်) ကို လည်းကောင်း၊ အမျိုးသမီး (၄၅) ကီလိုတန်းပြိုင်ပွဲတွင် မြင့်ရတနာစံ (တနင်္သာရီတိုင်း)က ထန်နွမ်းကိမ် (မန္တလေးတိုင်း) ကို လည်းကောင်း၊ အမျိုးသမီး (၄၈)ကီလိုတန်းပြိုင်ပွဲတွင် သင်းသင်းခိုင် (မကွေးတိုင်း) က ပန်းအိဖြူ (စစ်ကိုင်းတိုင်း) ကိုလည်းကောင်း၊ အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲတွင် ထက်ထက်ဝင်း (တနင်္သာရီတိုင်း) က ပြည့်ပြည့်ဝင်း(စစ်ကိုင်းတိုင်း) ကိုလည်းကောင်း၊ အမျိုးသမီး (၆၀) ကီလိုတန်းပြိုင်ပွဲတွင် မူစိန်မြ (ရှမ်းပြည်နယ်) က နှင်းသီရိစံ (မွန်ပြည်နယ်) ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား (၅၂)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် က လည်းကောင်း၊ အမျိုးသား (၆၄) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က လည်းကောင်း၊ အမျိုးသား (၆၉) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က လည်းကောင်း၊ အမျိုးသား (၇၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လည်းကောင်း၊ အမျိုးသမီး (၄၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လည်းကောင်း၊ အမျိုးသမီး (၄၈) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က လည်းကောင်း၊ အမျိုးသမီး(၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက လည်းကောင်း၊ အမျိုးသမီး(၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**တံခွန်စိုက်ဒိုင်းဆုများပေးအပ်**

ဆက်လက်၍ အမျိုးသား အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသွားသည့် ရှိုင်းငယ် (ရှမ်းပြည်နယ်) နှင့် သင်းသင်းခိုင် (မကွေးတိုင်း)တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ဆုဖလားနှင့် ငွေသားဆု ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ရွှေတံဆိပ်သုံးခုဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု ရရှိသွားသည့် တနင်္သာရီတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက လည်းကောင်း၊ ရွှေတံဆိပ်ငါးခု၊ ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသား တံခွန်စိုက်ဒိုင်းဆု ရရှိသွားသည့် မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် က လည်းကောင်း၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ဖြင့် စုပေါင်းတံခွန်စိုက် ဒိုင်းဆုရရှိသွားသည့် မန္တလေးတိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၈၀ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၇၀ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၄၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

■ *ရွှေ့ဖုံးမှ*

ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အတွင်းရေးမှူး(၂) ဦးအားလူ၊ အတွင်းရေးမှူး အဖွဲ့ဝင်နှင့် ဆက်ဆံရေးနှင့် ဆက်သွယ်ရေးဌာနကြီးမှူး ဦးစိုင်းမောက်တို့ တက်ရောက်ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁) တို့နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**



**ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့တို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြစဉ်။**

❖ *ရွှေ့ဖုံးမှ*

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် လွတ်လပ်မှုရှိသကဲ့သို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူအားလုံးအပေါ် သာတူညီမျှရှိသည့် ဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်ကိုလည်း ထပ်လောင်းအတည်ပြုသည်။ ဖြိုးဇေယျာသော်နှင့် ကျော်မင်းယုတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉ (က)၊ ၅၀ (ဈ)နှင့် ၅၀ (ည) တို့အရ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရသဖြင့် သေဒဏ်အမိန့်ချမှတ်ခံရခြင်းဖြစ်သည်။ ၎င်းတို့သည် အပြစ်မဲ့ပြည်သူများအား အကြောက်တရားကြီးစိုးစေရန်နှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် အကြမ်းဖက်မှုများ ကျူးလွန်ရာတွင် အဓိကကြိုးကိုင်စီစဉ်သူများအဖြစ် ပြစ်မှုထင်ရှားသဖြင့် အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောရေးဆိုခွင့်ရှိသူရုံးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ တာဝန်မဲ့ထုတ်ပြန်ပြောကြားချက်များသည် အကြမ်းဖက်မှုများကို အားပေးအားမြှောက်ပြုရာရောက်ပြီး အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရစေပြီး အစိုးရနှင့်ပုဂ္ဂလိကပိုင်အဆောက်အဦနှင့် ပစ္စည်းများကို ပျက်စီးစေသည့် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) တို့၏ ဆက်လက်ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လျစ်လျူရှုခြင်းဖြစ်သည်။

ထို့ပြင် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြင်သစ်သံရုံးတို့၏ ထုတ်ပြန်ချက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာအစိုးရအနေဖြင့် လက်ခံနိုင်ခြင်းမရှိသည့် အသုံးအနှုန်းဖြစ်သည့် “တရားမဝင်စစ်အစိုးရ” ဟု သုံးနှုန်းရေးသားထားမှုအပေါ် ပြင်းထန်စွာကန့်ကွက်သည်။ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၃ အရ သံတမန်များသည် စေလွှတ်သည့်နိုင်ငံနှင့် လက်ခံသည့်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတိုးမြှင့်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ယင်းကွန်ဗင်းရှင်း၏ အပိုဒ် ၄၁ တွင် သံတမန်များသည် လက်ခံသည့်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများကို လေးစားရန်နှင့် လက်ခံသည့်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုကို တိုးမြှင့်ရမည့်အစား လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုအကြောင်းပြု၍ အထက်ဖော်ပြပါ လက်ခံနိုင်ခြင်းမရှိသည့် အသုံးအနှုန်းမျိုးပါဝင်ပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၍ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်းကို ပြောင်တင်းစွာချိုးဖောက်သည့် ပြင်းထန်သောထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအပေါ် မကောင်းသည့် အကျိုးဆက်များကိုသာ သက်ရောက်စေလိမ့်မည်ဖြစ်သည်။ နိုင်ငံအချို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၂ တွင် ရှင်းလင်းစွာဖော်ပြထားသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှု စည်းမျဉ်းကို လိုက်နာရန် ပျက်ကွက်လျက်ရှိသည်ကို စိတ်မကောင်းဖွယ် မြင်တွေ့ရသည်။

ဗဟိုအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တပ်မတော်မှ တာဝန်ရှိသူများဖြင့် ပါဝင်ဖွဲ့စည်းသည်ကို ကြည့်ခြင်းအားဖြင့် ၂၀ဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တရားဝင်ဖြစ်မှုမှာ မေးခွန်းထုတ်ဖွယ်ရာမရှိသည်ကို ဖော်ပြအပ်သည်။ အဆိုပါအချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်အစိုးရမဟုတ်သည်ကို ရှင်းလင်းစွာပြသလျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ တိုးတက်လာစေရေးအတွက် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာအသိအမှတ်ပြု သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ကွန်ဗင်းရှင်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံအား အချုပ်အခြာအာဏာပိုင် အစိုးရတိုင်းအပေါ် ကျင့်သုံးသည့် ဓလေ့နှင့်အညီ ဆက်ဆံရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တောင်းဆိုသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတို့၏ တာဝန်မဲ့ ပြောဆိုချက်၊ ထုတ်ပြန်ချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ပယ်ချပြီး ကန့်ကွက်စာများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**သဲကုန်း ဇွန် ၆**

သဲကုန်းမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရေး သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေး၊ ဂေဟစနစ်တည်ငြိမ်မှုအား အထောက်အကူပြုစေရေး၊ သစ်တောသစ်ပင်များကို ချစ်ခင်တန်ဖိုးထားတတ်စေရန်နှင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများမှ ရရှိခံစားနိုင်စေရန်ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနမှ ယမန်နေ့နံနက်ပိုင်းက သဲကုန်းမြို့နယ် ရှားပြင်ကြိုးဝိုင်း အကွက်အမှတ်(၅၁) ၌ ကျင်းပခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ မိုးကြိုသစ်ပင်စိုက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကိုနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၃၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစင်တာတွင် ဆောင်ရွက်လျက်ရှိသည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။** (ယာပုံ)



**တက်ရောက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်၊ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

**စစ်ဆေးမှုများဆောင်ရွက်**

အဆိုပါ အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ပြည်ထောင်စုနယ်မြေမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၄၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲရုံးများမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၅၅ ဦး စုစုပေါင်း ဝန်ထမ်း ၁၀၀ တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစင်တာတွင် အခြေပြု၍ ယနေ့မှစတင်ကာ သဃ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၏ မဲစာရင်းအခြေခံလူဦးရေစာရင်းအား မြေပြင်စိစစ်တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားတက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှုပညာဖြင့် လုပ်ငန်းခွင် ဝင်ရောက်နိုင်စေရန်နှင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ ထူထောင်နိုင်စေရန် ရည်ရွယ်ပြီး “အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှု နည်းပညာသင်တန်း” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ် ကျွန်းဦး စံပြကျေးရွာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**အကောင်အထည်ဖော်**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်နေသည်နှင့် အညီ နေပြည်တော်အတွင်း ခေတ်မီစံပြကျေးရွာများအဖြစ် ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာ အပါအဝင် လယ်ဝေးမြို့နယ် သော်မှော်ကုန်း ကျေးရွာနှင့် တပ်ကုန်းမြို့နယ် ဝွေးပင်ကျေးရွာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် ကိုယ်ပိုင် လုပ်ငန်းငယ်များ ထူထောင်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်သည့်အပြင် လူမှုစီးပွားဘဝ မြင့်တက်လာပြီး ခေတ်မီစံပြကျေးရွာကြီး ဖြစ်လာမည်ဟု မျှော်မှန်းပါကြောင်း၊ သင်တန်း တက်ရောက်လာကြသည့် ကျေးရွာသားများအနေဖြင့် ယခုသင်တန်းက ပို့ချပေးသည့် နည်းပညာများကို အလေးထား သင်ယူကြရန် အလေးအနက်ထား တိုက်တွန်း ပြောကြားလိုပါကြောင်း၊ ကျေးရွာလိုအပ်ချက်များကို ဌာနများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ အနေဖြင့်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ သင်ထောက်ကူပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်ပစ္စည်းများအား ကြည့်ရှုပြီး ကျေးရွာအတွင်း ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှု နည်းပညာ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလကို ဇွန် ၆ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးနေမှုကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

**၃၇၁ သိန်းကိုထုတ်ချေး**

ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာတွင် စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၅၈ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးအတွက် ငွေကျပ် ၁၄၃ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးအတွက် ငွေကျပ် ၁၅၇ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၁၃ သိန်း စုစုပေါင်းလုပ်ငန်း လုပ်ကိုင်သူ ၁၉၇ ဦးအတွက် ငွေကျပ် ၃၇၁ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ကိုကို(ပြန်/ဆက်)**

# ပြည်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပြည် ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ပြည်သူလူထုအကြား ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာ တိုးပွားလာစေရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် သစ်တောသစ်ပင် စိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်များ ပြန်လည်မြင့်တက်လာစေရန်ရည်ရွယ်၍ ပြည်မြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဗာဟုဘုရားအနီး၌ ယမန်နေ့နံနက်က ခရိုင်သစ်တောဦးစီးဌာနမှူး ကြီးမှူးကာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးကြည်အေးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တက်ရောက် လာကြသူများအား ပျိုးပင်များပေးအပ်ပြီး ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မှော်ဇာကျေးရွာနှင့် မှုတ်ရှည်ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ ဂေါပကအဖွဲ့ဝင်များက သစ်ပင် ၁၀ မျိုး ပျိုးပင်ပေါင်း ၅၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ကိုဆက်(ပြန်/ဆက်)**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၆

ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန် နှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ အရာရှိကြီးများ၊ ဆုရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်လူကြီးများ တက်ရောက်ကြသည်။

### ဂုဏ်ပြုဆုများချီးမြှင့်

အဆိုပါ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမား ၃၆ ဦး၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်လူကြီးများအပါအဝင် စုစုပေါင်း ၄၈ ဦးက အားကစားနည်း ၁၂ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ ပြေးခုန်ပစ်၊ ဂျူဒိုနှင့် တိုက်ကွမ်ဒို အားကစားနည်းငါးမျိုးတွင် အားကစားသမား ကိုးဦးက ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် ငါးဆု စုစုပေါင်း ဆုတံဆိပ် ၁၂ ဆုရရှိခဲ့ကြပြီး ပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ)တွင် ရွှေတံဆိပ်ဆုရရှိသည့် ဒုတိယရဲမှူး ဖြူဖြူသန်းနှင့် ရဲတပ်ကြပ်ကြီး ခင်နှင်းဝေ၊ ဗိုဗီနမ် (နှစ်ယောက်တွဲ)တွင် ရွှေတံဆိပ်ဆု ရရှိသည့် ရဲတပ်ကြပ် မေဟာန်နီအောင်လွင်၊ ဗိုဗီနမ် (လေးယောက်တွဲအပြ)တွင် ရွှေတံဆိပ်ဆုရရှိသည့် ရဲတပ်ကြပ် အိုက်စိုးလင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက လည်းကောင်း **(အပေါ်ပုံ)**၊ ဗိုဗီနမ် (တစ်ကိုယ်တော် ဓားတစ်လက်အပြ)တွင် ငွေတံဆိပ်ဆုရရှိသည့် ရဲတပ်ကြပ် မေဟာန်နီအောင်လွင်၊ ပြေးခုန်ပစ် (၂၀ – ကီလိုမီတာ လမ်းလျှောက်) တွင် ငွေတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် ဇင်မေထက်၊ ဂျူဒို(၆၃–ကီလိုတန်း) တွင် ငွေတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် နွယ်နီပွင့်လှိုင်တို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က လည်းကောင်း၊ တိုက်ကွမ်ဒို (၆၃–ကီလိုတန်း) တွင် ကြေးတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် ဇော်လင်းထက်၊ တိုက်ကွမ်ဒို(၈၇–ကီလို တန်း)တွင် ကြေးတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် ကျော်မင်းနိုင်၊ ပိုက်ကျော်ခြင်း (လေးယောက်တွဲ)တွင် ကြေးတံဆိပ်ဆုရရှိသည့် ဒုတိယရဲမှူး ဖြူဖြူသန်း၊ ရဲတပ်ကြပ်ကြီး ခင်နှင်းဝေနှင့် ရဲတပ်ကြပ်ကြီး နန်းစုမြတ်စံ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်များကို အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

### နိုင်ငံ့ဂုဏ်ဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် အဖွဲ့ဝင်များသည် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ၌ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ပေးအပ်ပွဲတွင် ထူးခြားစွမ်းဆောင်ဆုနှင့် ကောင်းမွန်သည့်အလေ့အထကျင့်စဉ် စွမ်းဆောင်ဆုကိုရရှိသည့် စက်ရုံ၊ အလုပ်ရုံမှ လုပ်ငန်းရှင်များကို ပေးအပ်ချီးမြှင့်ရန်ရှိ

ရန်ကုန် ဇွန် ၆

**စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းပြီး ကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။** (အောက်ပုံ)

### ဥပဒေများနှင့်အညီ လိုက်နာ

တွေ့ဆုံ ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က တက်ရောက်လာသည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများ အနေဖြင့် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများ မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်မှုအတွက် အလုပ်သမားများကို အသိပညာပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် သင်တန်းများ တက်ရောက်နိုင်ရေးနှင့် အထောက်အပံ့ပစ္စည်းများ ရရှိစေရေး၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ညှိနှိုင်းဆောင်ရွက်၍ တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုကြောင်း။




လုပ်ငန်းခွင်အတွင်း ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်၊ အမွှား၊ အခိုးအငွေ့များနှင့် ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများကြောင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး အလုပ်သမားများအား သင့်တော်သော တစ်ကိုယ်ရေသုံး ကိုယ်ခန္ဓာကာကွယ်ရေး ဝတ်စုံများ၊ ပစ္စည်းများနှင့် အထောက်အကူပစ္စည်းများ ဝတ်ဆင်လုပ်ကိုင်နိုင်ရေး ကြီးကြပ် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စက်ရုံ၊ အလုပ်ရုံအတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ ဘေးအန္တရာယ် သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### စနစ်တကျစစ်ဆေးခံ

အရေးပေါ်အခြေအနေ ဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများကို လိုအပ်သလို သရုပ်ပြလေ့ကျင့်၍ စစ်ဆေးရေး အရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ ဝင်ရောက်စစ်ဆေးချိန် စနစ်တကျစစ်ဆေးခံပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စက်တင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆု ပေးအပ်ပွဲတွင် ထူးခြားစွမ်းဆောင်ဆုနှင့် ကောင်းမွန်သည့် အလေ့အထကျင့်စဉ် စွမ်းဆောင်ဆုကို ရရှိသည့် စက်ရုံ၊ အလုပ်ရုံမှ လုပ်ငန်းရှင်များကို ပေးအပ်ချီးမြှင့်ရန်ရှိကြောင်း မှာကြားသည်။

ယင်းနောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လုပ်ငန်းခွင် အန္တရာယ်ဖြစ်စေနိုင်သည့် ပြုမူလုပ်ကိုင်ဆောင်ရွက်နေမှုများ၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းခွင်ထိခိုက်မှုများကို ရှင်းလင်းတင်ပြ၍ ယခင်နှစ်များက အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ချီးမြှင့်ခံရသည့် စက်ရုံ၊ အလုပ်ရုံများက ပြိုင်ပွဲအတွေ့အကြုံများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းမှုကို ရှင်းလင်းဖြေကြား၍ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၆ – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၆

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီတွင် မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီးအနီးရှိ မြေကွက်လပ်တွင် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**




### ရာသီဥတုထိန်းညှိပေးနိုင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာပေါ်တွင် သစ်ပင်သစ်တောများသည် လူသားများအတွက် မြေဆီလွှာနှင့် ရေကိုထိန်းသိမ်းပေးခြင်းကြောင့် သောက်သုံးရေများကို လူသားများ ရယူသုံးစွဲနိုင်သကဲ့သို့ပင် အောက်ဆီဂျင်ကို ထုတ်ပေးရုံသာမက ရာသီဥတုကိုလည်း ထိန်းညှိပေးကြောင်း၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းသည် ဂေဟစနစ်ပြန်လည်ကောင်းမွန် ရှင်သန်ရေးနှင့် လူသန်းပေါင်းများစွာ၏ လိုအပ်သောအစားအစာများ၊ အသုံးအဆောင်များ၊ သစ်တောထွက်ပစ္စည်း အမျိုးမျိုးစသည်တို့ကို ထောက်ပံ့ပေးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကိုလည်း ထိန်းညှိပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ မရှိမဖြစ်သည့် ရေနှင့်လေကို သန့်စင်ပေးနိုင်ခြင်းစသည့် များစွာသော အကျိုးကျေးဇူးများကို ရရှိပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်မိုးရာသီ သစ်ပင်စိုက်ပျိုးသည့် အစဉ်အလာကို ရေရှည်ထိန်းသိမ်း ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

### ကြည့်ရှုအားပေး

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူအားလုံးက ရတနာတန်းဝင် ကျွန်းပင် ၃၀၀၊ ပိတောက်ပင် ၃၀၀ နှင့် မဲဇလီပင် ၃၀၀ စုစုပေါင်း အပင်ရေ ၉၀၀ တို့ကို စိုက်ပျိုးခဲ့ကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှု အားပေးသည်။

### ရတနာတန်းဝင်အပင်များ စိုက်ပျိုး

ယနေ့ ဝန်ကြီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပချိန်တွင် ဝန်ကြီးဌာနလက်အောက် ဌာနအဖွဲ့အစည်းများ၏ ရုံးချုပ်များနှင့် ဒေသအနှံ့ရှိ ရုံးဌာနများအားလုံးတွင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဆင်နွှဲကြလျက် ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များ စုစုပေါင်း အပင် ၁၆၈၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

### ငါးသားပေါက် ၂၀၀၀၀ မျိုးစိုက်ထည့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ်(၂၉)အနီးရှိ လျှိုပိတ်ဆည်တွင် ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်ကြသူများသည် လျှိုပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း စုစုပေါင်း အိမ်ရာစီမံကိန်းလုပ်ငန်းများ ပျမ်းမျှ ၅၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိ

**နေပြည်တော် ဇွန် ၆**





ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၇) လမ်းမကြီးနှင့် အမှတ် (၂) လမ်းမကြီးအကြားရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

### အိမ်ရာစီမံကိန်းဆောင်ရွက်

တွေ့ဆုံစဉ် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်မှုကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် အိမ်ခန်းပေါင်း ၅၀၀၈ ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### လုပ်ငန်းပြီးစီးမှုကြည့်ရှု

ယခု ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်တို့မှ အဆောက်အအုံ ၁၉၄ လုံး၊ အိမ်ခန်းပေါင်း ၃၁၀၄ ခန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို မိမိ လာရောက်ကြည့်ရှုစစ်ဆေးခြင်း ဖြစ်ကြောင်း၊ အသင်းချုပ်များ၏ လုပ်ငန်းဆောင်ရွက်စဉ် တွေ့ကြုံရမည့် အခက်အခဲများ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

အသင်းချုပ်များ အနေဖြင့် အိမ်ရာစီမံကိန်း လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးအတွက် စာချုပ်ပါ စည်းကမ်းများ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ဘဏ္ဍာငွေများ လေလွင့်မှု မရှိစေရန်နှင့် လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးရေးအတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုကြောင်း။

### သစ်ပင်များစိုက်ပျိုးပေး

အိမ်ရာစီမံကိန်း အတွင်း နေထိုင်မည့်သူများ အဆင်ပြေစေရေးအတွက် ရေ/မီး ရရှိရေး၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးပေးနိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး သစ်ပင်များ စိုက်ပျိုးပေးရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိမ်ရာတည်ဆောက်ရေး စီမံကိန်းအတွင်း တည်ဆောက်ပြီးအိမ်ရာများနှင့် တည်ဆောက်ဆဲအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### အိမ်ရာစီမံကိန်းလုပ်ငန်းများ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်တွင် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းအဆောက်အအုံ ၁၉၄လုံး၊ အိမ်ခန်းပေါင်း ၃၁၀၄ ခန်းကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်မှ အဆောက်အအုံ ၉၇ လုံးတွင် ၅၉ ရာခိုင်နှုန်း ပြီးစီး၍ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်မှ အဆောက်အအုံ ၉၇ လုံး ဆောင်ရွက်ရာ ၅၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ စုစုပေါင်း အိမ်ရာစီမံကိန်း လုပ်ငန်းများ ပျမ်းမျှ ၅၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီတစ်ခု၊ ယာဉ်နှစ်စီးဖြင့် အောက်ဆီဂျင် Storage Tank နှစ်ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့် သင်တန်း (၂/ ၂၀၂၂) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိ စွမ်းရည်မြှင့် သင်တန်း (၂/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ (ယာပုံ) ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်း စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်၍ အရာရှိ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် တစ်နှစ်တာနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် သင်တန်းပေါင်း ၂၂ ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း။

အရာရှိ စွမ်းရည်မြှင့်သင်တန်းတွင် ပို့ချပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင် ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ မိမိတစ်ဦးတည်း သာမက မိမိဝန်ထမ်းများ၏ တစ်ဦးချင်း စွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ရည်မှန်းချက်တာဝန်များကို ပေါက်မြောက်အောင်မြင်စေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အရာရှိစွမ်းရည်မြှင့်သင်တန်းသို့ တက်ရောက်သည့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အရာရှိစွမ်းရည်မြှင့်သင်တန်း (၂/၂၀၂၂)ကို နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး ၂၂ ဦး တက်ရောက်ကြောင်း သိရသည်။

အလားတူ ပျဉ်းမနား လူထုအခြေပြုဗဟိုဌာနတွင် ဖွင့်လှစ်သည့် e-Library Management System Software အသုံးပြုနည်း (၂/၂၀၂၂) သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာကြည့်တိုက်လုပ်ငန်း လုပ်ဆောင်နေကြသည့် ဝန်ထမ်း ၃၀ တက်ရောက်ကြကြောင်းနှင့် သင်တန်းကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ၏ ဒုတိယအကြိမ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ၏ ဒုတိယအကြိမ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်ပြီး တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သင်တန်းသူ၊ သင်တန်းသားများ၏ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခြင်း စုပေါင်းပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီးနောက် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ရန်အတွက် ကျန်းမာရေး လေ့ကျင့်ခန်းများကို သင်တန်းတွင်သာမက အမြဲတမ်းလေ့ကျင့်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) [Civil Service Academy–CSA (Upper Myanmar)]၏ အမည် ပြောင်းလဲခြင်း အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် တက္ကသိုလ်အဝင်မုခ်ဦးတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးသန်းဆွေ တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးမြင့်ဆွေ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများက ပျိုးပင်စုစုပေါင်း ၈၇၇ ပင်ကို တက္ကသိုလ်အဝင်လမ်းတစ်လျှောက်တွင် ပန်းအလှပင်များနှင့် အရိပ်ရစိန်ပန်းနီနှင့် စိန်ပန်းပြာပင်များကို လည်းကောင်း၊ ရဲဝန်ထမ်းအိမ်ရာ လမ်းဘေးဝဲယာ တစ်လျှောက် စိန်ပန်းပြာပင်များကို လည်းကောင်း၊ စိုက်ကွက် အမှတ်(၂)တွင် နှစ်ရှည်သီးနှံဖြစ်သော စိန်တစ်လုံး သရက်ပင်များနှင့် သင်တန်း အိပ်ဆောင်များတွင် ပိန္နဲပင်များနှင့် သြဇာပင်များကိုလည်းကောင်း သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ် စစ်ရေးပြကွင်းတွင် တက္ကသိုလ်/ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်း အကြိုစစ်ရေးပြအခမ်းအနားကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အရာထမ်းလောင်း အခြေခံ သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာ သင်တန်းအမှတ်စဉ်(၉)နှင့် အုပ်ချုပ်မှု စွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၃)တို့၏ လက်နက်ဖြင့် စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းများတွင် ကာကွယ်ရေး ပညာဘာသာရပ်ကို ထည့်သွင်းပို့ချပေးသည့်အတွက် စုပေါင်း



ဆောင်ရွက်တတ်ခြင်း၊ အပြန်အလှန် လေးစားလိုက်နာမှုရှိခြင်း၊ အမိန့်နာခံတတ်ခြင်းနှင့် စည်းကမ်း ကောင်းမွန်ခြင်းစသည့် အလေ့အကျင့်ကောင်း၊ နည်းစနစ်ကောင်းများ ရရှိလာစေရေး ဦးတည် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး နီလာခန်းမ၌ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယ အကြီးအမှူးသင်တန်းအမှတ်စဉ်(၉)နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာပို့ချနေမှုကို လိုက်လံစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများကို စွမ်းရည်ထက်မြက်ရေး လေ့ကျင့်ပေးခြင်းမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း ၂၀၂၁ ခုနှစ် ဇွန်လမှ စတင်၍ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်စည်းကမ်းအတွင်းမှ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြသည့် တက္ကသိုလ် ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို စွမ်းရည်ထက်မြက်အောင် လေ့ကျင့်ပေးနေသည့် တာဝန်ယူရသည့်အားလျော်စွာ အားလုံးစံပြဖြစ်အောင် နေထိုင်ကျင့်ကြံကြရန်လိုကြောင်း ဂုဏ်သိက္ခာမြင့်မားသည့် တက္ကသိုလ်အဖြစ် ရပ်တည်နိုင်ရန် အားလုံးအစွမ်းကုန်ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။ **သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ ဆုထူးပန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လေဆိပ်တပ်ဦးစာသင်တိုက်၊ သဲအင်းဂူတရားပြကျောင်းတိုက်၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ဝါးခုတ်ချောင်းဘုန်းတော်ကြီးကျောင်း၊ မြောက်ဦးမြို့ရှိ ဆင်ဝန်တောင် ဘုန်းတော်ကြီးကျောင်း၊ တောင်ကုတ်မြို့ရှိ ဓမ္မရက္ခိတ ဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ ကျောက်လှည်းဘီးရွာသစ် ဘုန်းတော်ကြီးကျောင်း၊ ဝါးဖြူတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အုန်းတကူးကျေးရွာရှိ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့ နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်း၌ ဘိလပ်မြေစက်ရုံများ ဆက်လက်တည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ Max ဘိလပ်မြေစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စက်ရုံတာဝန်ခံနှင့် တာဝန်ရှိသူတို့က စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက Max ဘိလပ်မြေစက်ရုံသည် အစိုနည်းစဉ် (Wet Process) မှ အခြောက်နည်းစဉ် (Dry Process)သို့ ပြောင်းလဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပြည်တွင်းဘိလပ်မြေစက်ရုံများကို စက်စွမ်းအားပြည့် လည်ပတ်ရန် လမ်းညွှန်မှုပြုထားပါကြောင်း၊ ပြည်တွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးလျက်ရှိပါကြောင်း။



ပြည်တွင်း၌ ဘိလပ်မြေစက်ရုံများ ဆက်လက်တည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘိလပ်မြေများသည် မရှိမဖြစ် လိုအပ်သဖြင့် ဘိလပ်မြေထုတ်လုပ်သည့် နည်းပညာများပိုမိုဖွံ့ဖြိုးပြန့်ပွားအောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ စက်ရုံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း အစီအမံများချမှတ်၍ စဉ်ဆက်မပြတ် လေ့ကျင့်ပြုစုပျိုးထောင်ပေးစေလိုကြောင်း၊ မိမိနိုင်ငံရှိ ပညာရှင်များကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်ရုံများကို ကိုယ်ပိုင်ဒီဇိုင်းဆွဲ၍ တည်ဆောက်နိုင်သည်အထိ လေ့ကျင့်ပြုစုပျိုးထောင်နိုင်ရေး စီမံထားရမည်ဖြစ်ကြောင်း။

စက်ရုံရှိ အင်ဂျင်နီယာ ပညာရှင်များကို အတိုင်ပင်ခံအင်ဂျင်နီယာများ ဖြစ်အောင် ပြုစု ပျိုးထောင်မွေးမြူရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံ အနေဖြင့် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေ၍ ယခုထက် ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်ကြမ်းထုံးကျောက်များ ထုတ်ယူခဲ့မှု(ဓာတ်ပုံ)နှင့် လုပ်ငန်းလည်ပတ်မှုနှင့် ဘိလပ်မြေထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ရိုးရာခြင်းလုံးအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများသို့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်း

**ရန်ကုန် ဇွန် ၆**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစား ပြိုင်ပွဲများသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား အောင်နိုင်ရေး အလံအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်က အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာခြင်းလုံး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်တို့က တိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့်ရိုးရာခြင်းလုံး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော အားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲ ရိုးရာခြင်းလုံး ပြိုင်ပွဲကို နေပြည်တော်တွင် ဇွန် ၁၀ ရက်မှ ၁၃ ရက်တွင် လည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ၁၇ ရက်တွင် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဇွန် ၁၇ ရက်မှ ၃၀ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

❇ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

# ကျောက်ဖြူကျောက်တစ်လုံး IDPs စခန်း ပိတ်သိမ်းရွှေ့ပြောင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇွန် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျောက်ဖြူမြို့ ကျောက်ဖြူကျောက်တစ်လုံး IDPs စခန်း ပိတ်သိမ်းရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်နေမှုကို ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တစ်လုံး IDPs စခန်း ပိတ်သိမ်းရွှေ့ပြောင်းနိုင်ရေးအတွက် နေအိမ်များ ဆောက်လုပ်နေမှု၊ လျှပ်စစ်မီး၊ အိမ်ရာပတ်လမ်း၊ ဆေးခန်း၊ စာသင်ကျောင်း၊ ဆရာ ဆရာမများနေအိမ်များ ဆောင်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုကြသည်။ **(အောက်ပုံ)** ထိုသို့ လှည့်လည်ကြည့်ရှုစဉ် ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အိမ်ရာအလုံး ၂၉၇ လုံး ဆောက်လုပ်ပြီးစီးနေမှု၊ လျှပ်စစ်မီး၊ အိမ်ရာပတ်လမ်းနှင့် ရေနုတ်မြောင်းများ ဆောင်ရွက်ပြီးစီးနေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အဖွဲ့သည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ခရိုင်ပြည်သူ့ဆေးရုံကြီး ဒေါက်တာ ရဲလွင်မောင်က ဆေးရုံကြီးအတွင်း ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိုးချဲ့ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုနှင့် ဆေးရုံအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်ကာလအတွင်း ကြိုးစားဆောင်ရွက်မှုများ၊ ကိုဗစ်အလွန် ကာလများတွင် စေတနာထားဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကျွမ်းကျင်သောပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်နေသူများ ဖြစ်သည့်အတွက်ကြောင့်မေတ္တာစေတနာထားကာဆက်လက်ကြိုးစားလုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံကြီးအတွင်းလှည့်လည်ကြည့်ရှုကာ ကလေးကုသဆောင်၌ တက်ရောက်ကုသနေကြသော ကလေးငယ်များအတွက် အာဟာရဖြည့်စွက်စာများ ပေးအပ်ထောက်ပံ့ကြသည်။

**တင်ထွန်း (ပြန်/ဆက်)**



# ဒေသလူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနေသည့် တောင်ကြီးခရိုင် လမ်းကွန်ရက်များ

**ပဲပုပ်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စသည့် တောင်ကြီးဒေသ ထွက်ကုန်များသည် ဖြူ၊ နီ၊ ပြာ၊ ဝါအရောင်စုံဖြင့် လတ်ဆတ်နေသည်။ တောင်ကြီးဈေးအတွင်း ဈေးဖွင့်ချိန် နံနက်ခင်းမှသည် ဈေးသိမ်းချိန် ညနေပိုင်းအထိ ရောင်းဝယ်လှုပ်ရှားမှုများဖြင့် စည်ကားနေသည်မှာ ဒေသလူမှုစီးပွား ဝေစည်ဖွံ့ဖြိုးမှုကို လှစ်ဟပြသနေသကဲ့သို့ပင်။**

မေရတနာ

တောင်ကြီးမြို့ ပါဝင်သည့် တောင်ကြီးခရိုင်ကို မြို့နယ် ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ တောင်ကြီးခရိုင်အတွင်းရှိ ပြည်သူ အများစုသည် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။



အေးသာယာ - ညောင်ရွှေ - မိုင်းသောက် - နမ့်ပန် - တုံဟုံး - ပင်လောင်းလမ်း ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု။

"ကျွန်တော်တို့ ဒေသက ငြိမ်းချမ်းတယ်၊ ရာသီဥတုက အေးချမ်းသာယာတယ်၊ သီးပင်စားပင် ဖြစ်ထွန်းတယ်။ ဒီနိုင်ငံရဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြည်နယ်လို့တောင် ဆိုလို့ရတယ်။ အခုက စိုက်သမျှ ရောင်း၊ စိုက်နိုင်လေ အကျိုးရှိလေဆိုတော့ ရာသီမပြတ် သီးနှံစိုက်ပျိုးကြတယ်။ ဒီလို ထွက်ကုန်တွေ လွယ်လွယ်ကူကူ ရောင်းချနိုင်အောင် လမ်းတွေကလည်း ကောင်းတယ်။ ကျွန်တော်တို့ ဒေသမှာ လမ်းကြောင့် ခရီးဖင့်တယ်ဆိုတာ မရှိတော့ပါဘူး" ဟု တောင်ကြီးမြို့နေ ဒေသခံ ဦးခွန်မောင်ကျော်က ဆိုသည်။

### လမ်းကွန်ရက်များကို အဆင့်မြှင့်တင်

ခရိုင်အတွင်းရှိ တောင်ကြီး၊ ရှွာင်၊ ပင်လောင်း၊ ပင်းတယ၊ ဖယ်ခုံ၊ ညောင်ရွှေ၊ ရပ်စောက်၊ ကလော၊ ဆီဆိုင်နှင့် ဟိုပုံးမြို့နယ်တို့မှ ဒေသထွက်ကုန်များကို ဈေးကွက်အတွင်း အချိန်မီ တင်ပို့ရောင်းချနိုင်ရန်၊ ဒေသလူမှုစီးပွားကို အထောက်အကူပြုနိုင်ရန် လမ်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ လမ်းကွန်ရက်များကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

**❖ ခရိုင်အတွင်းရှိ တောင်ကြီး၊ ရှွာင်၊ ပင်လောင်း၊ ပင်းတယ၊ ဖယ်ခုံ၊ ညောင်ရွှေ၊ ရပ်စောက်၊ ကလော၊ ဆီဆိုင်နှင့် ဟိုပုံးမြို့နယ်တို့မှ ဒေသထွက်ကုန်များကို ဈေးကွက်အတွင်း အချိန်မီ တင်ပို့ရောင်းချနိုင်ရန်၊ ဒေသလူမှုစီးပွားကို အထောက်အကူပြုနိုင်ရန် လမ်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ လမ်းကွန်ရက်များကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ**

ခရိုင်အတွင်းမှ အေးသာယာ - ညောင်ရွှေ - မိုင်းသောက် - နမ့်ပန် - တုံဟုံး - ပင်လောင်းလမ်းသည် အေးသာယာမြို့မှ အစပြု၍ အင်းလေးကန် အရှေ့ခြမ်း ဒေသများကို ဖြတ်သန်းချိတ်ဆက်ကာ ပင်လောင်းမြို့အထိ သွားလာနိုင်သည့် လမ်းပိုင်းတစ်ခုဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာအသုံးပြုနိုင်ရန် အေးသာယာ- ညောင်ရွှေ - မိုင်းသောက် - နမ့်ပန် - တုံဟုံး - ပင်လောင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

"ဒီဘဏ္ဍာနှစ်မှာ ပြည်နယ်ရန်ပုံငွေနဲ့ ကတ္တရာကွန်ကရစ် (AC) ခင်းခြင်း ငါးဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း တစ်မိုင် ခြောက်ဖာလုံ၊ မျက်ကွယ်ကုန်းဖြတ်ခြင်း ခြောက်ဖာလုံ၊ လမ်းပခုံးပြုပြင်ခြင်း ငါးဖာလုံ၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း နှစ်စင်း၊ တံတားချဲ့ခြင်း သုံးစင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း စတဲ့လုပ်ငန်းတွေ ဆောင်ရွက်သွားမယ်။ ဒီလုပ်ငန်းပြီးစီးတဲ့အချိန်မှာ ကတ္တရာကွန်ကရစ် (AC)လမ်း ငါးဖာလုံ ၊ ကတ္တရာလမ်း ၅၆ မိုင် ခုနစ်ဖာလုံ စုစုပေါင်း ၅၇ မိုင် လေးဖာလုံအရှည်ရှိပြီး Paved Ratio ၁၀၀ : ၀ ၊ Width Ratio ၅၉ : ၄၁ အထိ တိုးတက်လာမှာဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ် တောင်ပိုင်းလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ပြောကြားသည်။

ပြည်နယ်လမ်းဦးစီးဌာနသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာနှစ်အတွင်း အေးသာယာ- ညောင်ရွှေ - မိုင်းသောက် - နမ့်ပန် - တုံဟုံး - ပင်လောင်းလမ်း အဆင့်မြှင့်တင်မှုအနေဖြင့် ၁၈ ပေအကျယ် ဒုအခြေခံလွှာချဲ့ခင်းခြင်း တစ်မိုင် နှစ်ဖာလုံ၊ ကတ္တရာ လမ်းနိမ့်မြင့်ညှိ၍ ရေပိတ်လွှာလောင်းခြင်း တစ်မိုင် နှစ်ဖာလုံ၊ ကျောက်တောင် မိုင်းခွဲ၍ ရေမြောင်းတူးခြင်း ၃၀၂ ပေ၊ လမ်းကွေ့များအား ဒုအခြေခံလွှာဖြင့်ချဲ့ခြင်း နှစ်မိုင် နှစ်ဖာလုံ၊ မျက်ကွယ်ကွေ့များချဲ့ထွင်ခြင်း ခြောက်ဖာလုံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့ ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းမှာရှိတဲ့ အင်းလေးဒေသဟာ ပြည်တွင်း ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်မှုများသလို ဒီဒေသက စိုက်ပျိုးသီးနှံထွက်ရှိတဲ့ ဒေသဖြစ်တဲ့အတွက် အင်းလေးဒေသရဲ့ ဘယ်နေရာကိုမဆို အဆင်ပြေပြေ ချိတ်ဆက်သွားလာနိုင်ဖို့ အဓိကထား ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အင်းလေးကန် အနောက်ပတ်လမ်းတစ်ခုဖြစ်တဲ့ တောင်ကြီးမြို့နယ်ထဲက တောင်လေးလုံးရွာနဲ့ ညောင်ရွှေမြို့နယ်ထဲက ခေါင်တိုင်ရွာကို ဆက်သွယ်တဲ့ ဒေသအကျိုးပြု တောင်လေးလုံး - ရေပူ - ခေါင်တိုင် လမ်းပိုင်းကိုလည်း ဒီဘဏ္ဍာနှစ်မှာ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသူရဇော်က ပြောကြားသည်။

တောင်လေးလုံး - ရေပူ - ခေါင်တိုင် လမ်းပိုင်း အဆင့်မြှင့်တင်မှုအနေဖြင့် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း လေးဖာလုံ၊ ကတ္တရာလမ်း နိမ့်မြင့်ညှိရေပိတ်လွှာလောင်းခြင်း ငါးဖာလုံ၊ လမ်းပခုံးပြုပြင်ခြင်း ခြောက်ဖာလုံ၊ တံတားချဲ့ခြင်း တစ်စင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း လမ်းဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်သည်။

### လမ်းအဆင့်မြှင့်တင်

လမ်းဦးစီးဌာနသည် ပြည်တွင်းပြည်ပ ခရီးသွားများ သွားလာမှုများသည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသနှင့် ကလောမြို့နယ် အောင်ပန်းမြို့ကို အနီးဆုံး ဆက်သွယ်သွားရောက်နိုင်မည့် အောင်ပန်း - ပင်မှီ- အင်းတိန်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အောင်ပန်းမြို့မှ အင်းတိန်သို့ မိတ္ထီလာ- တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း (မိုင်တိုင်- ၉၉/၂) မှတစ်ဆင့် တောင်လေးလုံး - ရေပူ - ခေါင်တိုင်လမ်း၊ ခေါင်တိုင် - အင်းတိန်လမ်းမှ သွားပါက (၄၃/၀မိုင်)ခန့် ရှိမည်ဖြစ်သည်။ မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း အောင်ပန်းမြို့ (မိုင်တိုင်- ၇၇/၄)မှတစ်ဆင့် အောင်ပန်း - ပင်မှီ - နန်းရုတ် - အင်းတိန်လမ်းမှ သွားပါက (၂၀/၂ မိုင် ) သွားရသည့်အတွက် မိုင်အားဖြင့် (၂၂/၀ မိုင် ) ခန့် သက်သာသွားမည်ဖြစ်သည်။

ယခုဘဏ္ဍာနှစ်တွင် အောင်ပန်း - ပင်မှီ- အင်းတိန်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ခြောက်မိုင် ၁ ဒသမ ၅ ဖာလုံ ၊ မျက်ကွယ်ကုန်းဖြတ်ခြင်း နှစ်မိုင်၊ တံတားချဲ့ခြင်း ခြောက်စင်းနှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*



ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်း ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု။



အောင်ပန်း- ပင်မှီ- အင်းတိန်လမ်း။

# ကယားပြည်နယ်ဥပဒေချုပ်ရုံး၌ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်တို့၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေး

လွိုင်ကော် ဇွန် ၆

**ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၄ ရက်က လွိုင်ကော်မြို့ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကယားပြည်နယ်ဥပဒေချုပ် ဦးကြည်မြိုင်က ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ အမှာစကားကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဥပဒေအရာရှိ ဦးဇော်ဝင်းဇံက ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၏ ရုံးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သည့် ရှင်းလင်းချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကယားပြည်နယ်ဥပဒေချုပ်ရုံးလက်အောက်ရှိ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ဝန်ထမ်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)



ကယားပြည်နယ် ဥပဒေချုပ် ဦးကြည်မြိုင် ဆွေးနွေးပြောကြားစဉ်။

# ကျောင်းကုန်းမြို့နယ်ရှိ သက်ကြီးဘိုးဘွား ၁၀၀၀ ကျော်ကို လူမှုရေးပင်စင်ထောက်ပံ့

ကျောင်းကုန်း ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း အသက် ၈၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ် တတိယသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်)လများအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းက နိုင်ငံတော်က ပေးအပ်သည့် ထောက်ပံ့ငွေကို ရပ်ကွက်ကျေးရွာရှိ သက်ကြီး ဘိုးဘွားများ လက်ဝယ်အရောက်သွားရောက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ခံ ဒေါ်ခင်ဟေမာနိုင်က လူမှုရေးပင်စင်ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သက်ကြီးဘိုးဘွားများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် မြို့ပေါ် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၅ အုပ်စုတို့မှ သက်ကြီးဘိုးဘွား ၁၀၀၆ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် ၃၀၁ သိန်းကျော်ကို ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်

(ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ်တွင် ပထမဆုံးကျောင်းဖွင့်ရက်၌ ကျောင်းတက်ရောက်သူ ၄၃၀၀၀ ကျော်ရှိ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူ ၄၃၀၉၉ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ဟူသည့် ပညာရေးရည်မှန်းချက်နှင့်အညီ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းစတင်ဖွင့်လှစ်သည့်ရက်၌ အခြေခံပညာကျောင်း ၅၂ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၂ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၀ ကျောင်းတို့တွင် အထက်တန်းအဆင့် ၄၀၁၄ ဦး၊ အလယ်တန်း အဆင့် ၁၀၅၁၅ ဦး၊ မူလတန်းအဆင့် ၂၈၅၇၀ စုစုပေါင်းကျောင်းသား ကျောင်းသူ ၄၃၀၉၉ ဦးတို့ တက်ရောက်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)



တောင်လေးလုံး- ရေပူ- ခေါင်တိုင်လမ်း။



လဲချား- ခိုလမ်လမ်း ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်။

*စာမျက်နှာ ၁၀ မှ*

အဆိုပါလမ်းပိုင်းအား ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်း တစ်မိုင် တစ်ဖာလုံ၊ မြေသား တာပေါင်ချဲ့ခြင်း တစ်မိုင် ခုနစ်ဖာလုံ၊ အမာခံလမ်းပြုပြင်ခြင်း ခြောက်မိုင် နှစ်ဖာလုံ ၊တံတား ချဉ်းကပ်လမ်းတည်ဆောက်ခြင်း တစ်စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း နှစ်စင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနက ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အတူ တောင်ကြီးခရိုင်အတွင်းရှိ ဟိုပုံးမြို့နယ် (ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)နှင့် လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့နယ် ပင်လုံမြို့တို့ကို ဆက်သွယ်ထားသည့် ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

### အကောင်အထည်ဖော်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်း အဆင့်မြှင့်တင်မှုအနေဖြင့် ကျောက်စီရေမြောင်းနှင့် Toe Wall တည်ဆောက်ခြင်း ၅၀၇၉ ပေ၊ လမ်းအင်္ဂါရပ်နှင့်အညီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် ကီလိုမီတာတိုင်/ Road Sign / လမ်းနယ်တိုင်များ စိုက်ထူခြင်း ၃၈၄ တိုင် နှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

"ဒီလမ်းဟာ ထမ်ဆမ်း - ကျောက်တန်းလမ်းမှတစ်ဆင့် အာရှ/အာဆီယံ လမ်းမကြီးတွေဖြစ်တဲ့ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း(AH-2) လမ်းမကြီး (မိုင်တိုင် (၁၄၀/၂)မိုင်) နဲ့ လွိုင်လင် - ပန်ကေတု - သီပေါလမ်း (AH-111) လမ်းမကြီး (မိုင်တိုင် (၆/၄)မိုင်) တို့ကို ချိတ်ဆက်ထားတယ်။ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း (တောင်ကြီး-လွိုင်လင်) လမ်းအပိုင်းမှာ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုကြောင့် လမ်းပိတ်ဆို့ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရင် ကုန်စည်စီးဆင်းမှုတွေ၊ ဖြတ်သန်းသွားလာမှုတွေ ကြန့်ကြာမှုမရှိအောင် အရေးပေါ် ရှောင်ကွင်းသွားလာနိုင်မယ့် အရန်လမ်း တစ်လမ်းအဖြစ်လည်း ရည်ရွယ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းပြသည်။

ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်း အဆင့်မြှင့်တင်ထားသည့်အတွက် ယင်းလမ်းပိုင်းပေါ်ရှိ ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာပေါင်း ၉၈ ရွာ၊ အိမ်ခြေပေါင်း ၈၃၄၂ အိမ်မှ ဒေသခံပြည်သူ ၅၆၇၀၇ ဦး၏ လူမှုစီးပွားကိုပါ အထောက်အကူပြုလျက်ရှိသည်။

### လူမှုစီးပွားဘဝတိုးတက်လာစေရန်

အချုပ်အားဖြင့် ဆိုရလျှင် မြို့နယ် ၁၀ မြို့နယ်ဖွဲ့စည်းထားသော တောင်ကြီးခရိုင်အတွင်းရှိပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန်၊ ပြည်နယ် စီးပွားတိုးတက်စေရန် အထောက်အကူပြုမည့် လမ်းကွန်ရက်များကို လမ်းဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၆၆၀ |
| 95 Ron | ၂၃၃၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၄၀ | ၂၃၇၅ | ၂၃၉၅ | ၂၃၈၅ | ၂၃၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၀ | ၂၄၁၀ | ၂၄၁၅ | ၂၆၃၅ | ၂၇၁၅ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၂၆၉၅ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၀၀ | ၂၇၃၀ |
| HSD (10 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၀၀ | ၂၇၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၉ | ၂၂၀၅ |
| 95 Ron | ၂၂၂၂ | ၂၃၀၀ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၄ |
| HSD (50 ppm) | ၂၄၈၃ | ၂၅၆၂ |
| HSD (10 ppm) | ၂၄၈၃ | ၂၅၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့သော ပထမနှစ် ကျောင်းသားကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂ ရက်က တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ် (စီမံ)၊ သင်ကြား/ စီမံဌာနမှူးများ၊ ပထမနှစ် သင်ကြားပေးမည့် ဆရာ ဆရာမများနှင့် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပေးကာ သင်တန်းရေးရာ ဌာနမှူးက သင်တန်းရေးရာဌာန၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အထူးပြုဘာသာရပ် ငါးဌာန၏ ဌာနမှူးများက ဘာသာရပ်ဆိုင်ရာများ မိတ်ဆက်ပြောကြားပြီး ဘာသာရပ်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ပထမနှစ် ကျောင်းသား ကျောင်းသူ မောင်မယ်သစ်လွင် ၂၀၂ ဦး အတွက် ငွေကျပ် ၁၀၂၃၀၀၀၀ တန်ဖိုးရှိသည့် ပုံနှိပ်စာအုပ်များကို ပြည်ထောင်စု ဝန်ကြီးကိုယ်စား ပါမောက္ခချုပ်က အတန်းကိုယ်စားလှယ် ကျောင်းသား ကျောင်းသူများကို ပေးအပ်ချီးမြှင့်သည်။ ထို့အပြင် ဝန်ကြီးဌာနမှ ကျောင်းဝတ်စုံကြေးများ ထပ်မံထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျီးလေးသဲငယ်ပညာရေးစင်တာသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်ရှိ ကုန်းသာဦးကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ဇောဓိကုန်းကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် ရေးမြို့နယ်ရှိ ရွှေကျောင်းကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ မဇ္ဈိမာရာမမန်ကန်မဟာစည် သာသနာ့ရိပ်သာသို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ကမ္ဘာအေးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆*ကျော့ဖုံးမှ*

နည်းလမ်းမျိုးစုံအသုံးပြု၍ ဟန့်တားနှောင့်ယှက် ဖျက်ဆီးလျက်ရှိသည်။

ယင်းသို့ ဟန့်တားနှောင့်ယှက် ဖျက်ဆီးလျက်ရှိရာ ဇွန် ၅ ရက် ည ၁၁ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ခိုးဝင်ရောက်ကာ စာသင်ခန်းများအတွင်းရှိ ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များ၊ ခဲတံများနှင့် သင်ထောက်ကူပစ္စည်းများကို ဖျက်ဆီးခဲ့ပြီး ဆရာ ဆရာမများအား ယုတ်မာရိုင်းစိုင်းစွာ ဆဲဆိုထားသည့် စာသားများရေးသား နှောင့်ယှက်ခဲ့သည်။

အဆိုပါ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်းနှင့် ၎င်းကလေးငယ်များ၏ ပညာသင်ကြားနိုင်မှုအခွင့်အလမ်းအပေါ် ယခုကဲ့သို့ဝင်ရောက် နှောင့်ယှက်ဖျက်ဆီးခဲ့သော PDF အမည်ခံအကြမ်းဖက်သမားများအား ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

ထို့ကြောင့် ဝေးလ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ဘီ) တွင် အင်္ဂလန်၊ အီရန်၊ အမေရိကန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ဝေးလ်အသင်းပါဝင်ယှဉ်ပြိုင်ကစားမည့် ၂၀၂၂ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာလတွင် စတင်ယှဉ်ပြိုင်ကစားသွားတော့မည် ဖြစ်သည်။

**အောင်ဇော်**

# အင်ဒိုနီးရှားနှင့် သြစတြေးလျ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

ဂျကာတာ ဇွန် ၆

**အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် အလုပ်သဘောအလည်အပတ်ရောက်ရှိနေသည့် သြစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်အား အနောက်ဂျာဗားကျွန်း ဘိုဂေါမြို့ရှိ သမ္မတအိမ်တော်၌ ဇွန် ၆ ရက်က လက်ခံတွေ့ဆုံသည်။**



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် သြစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်။

သြစတြေးလျဝန်ကြီးချုပ် အယ်ဘာနီးစ်သည် ဝန်ကြီးများနှင့်အတူ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေးရန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာသို့ ဇွန် ၅ ရက်မှစ၍ သုံးရက်ကြာ ခရီးသွားရောက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဘိုဂေါမြို့၌ သမ္မတအိမ်တော်အနီး ရုက္ခဗေဒဥယျာဉ်၌ တွေ့ဆုံရာတွင် ယေဘုယျအားဖြင့် နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံရေးသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက သတင်းထောက်များကို ပြောကြားသည်။

နှစ်နိုင်ငံအကြား ဒေသတွင်း မဟာဗျူဟာမြောက် ယှဉ်ပြိုင်မှုများကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေး၊ ယဉ်ကျေးမှုနှင့် ပိုမိုခိုင်မာသည့် မဟာဗျူဟာမြောက် ယုံကြည်မှုများကို ရေရှည်တည်တံ့စွာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ပစိဖိတ်ဒေသတွင်း မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ၊ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများ ရရှိခဲ့ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ထပ်လောင်းပြောကြားသည်။

ဆင်ဟွာ

# ရှန်ကျိုး - ၁၄ အာကာသယာဉ်မှူးများ ထန်ကျိုး - ၄ ကုန်တင်အာကာသယာဉ်အတွင်းသို့ ဝင်ရောက်

**ပေကျင်း ဇွန် ၆**

ရှန်ကျိုး - ၁၄ အာကာသယာဉ်မှူးသုံးဦးဖြစ်သည့် ချန်တုန်း၊ လျိုရန်နှင့် ချိုက်ရှိကျယ်တို့သည် ပတ်ဝန်းကျင် စမ်းသပ်မှုများ ပြီးဆုံးပြီးနောက် ထန်ကျိုး - ၄ ကုန်တင် အာကာသယာဉ်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ လူလိုက်ပါအာကာသ အေဂျင်စီ (စီအမ်အက်စ်အေ) က ဇွန် ၆ ရက်တွင် ပြောသည်။




တရုတ်အာကာသယာဉ်မှူး သုံးဦးဖြစ်သည့် ချန်တုန်း(လယ်)၊ လျိုရန်(ယာ)နှင့် ချိုက်ရှိကျယ်(ဝဲ)တို့ကို တရုတ်အာကာသစခန်း ပင်မထိန်းချုပ်ခန်းအတွင်းသို့ ဝင်ရောက်ပြီးနောက် တွေ့ရစဉ်။

တရုတ်၏ အာကာသစခန်း ပင်မ ထိန်းချုပ်ခန်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ပြီးနောက် ရှန်ကျိုး -၁၄ အာကာသယာဉ်မှူးများသည် ထန်ကျိုး - ၄ ကုန်တင် အာကာသယာဉ် တံခါးကို ဖွင့်နိုင်ခဲ့ပြီး ယာဉ်အတွင်းသို့ ပေကျင်းစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၉ မိနစ်တွင် ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးများသည် ထန်ကျိုး - ၄ ကုန်တင် အာကာသယာဉ် အတွင်းသို့လည်း ဆက်လက် ဝင်ရောက်မည်ဖြစ်ပြီး ကုန်စည်လွှဲပြောင်းခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများကို စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး - ၁၄ အာကာသယာဉ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချီးရှန်းပြိုဟ်တု လွှတ်တင်ရေးစင်တာမှ ဇွန် ၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အာကာသယာဉ်မှူးများသည် ပတ်လမ်းထဲတွင် ခြောက်လကြာ နေထိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၀၂၂ ဦး တွေ့ရှိ

**ဆိုးလ် ဇွန် ၆**

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း နှိုင်းယှဉ်ကြည့်ပါက ဇွန် ၅ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၀၂၂ ဦး တွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၈၁၆၈၇၀၈ ဦးရှိလာပြီဖြစ်ကြောင်း ဇွန် ၆ ရက်၌ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၁၇၅၉ ဦးရှိသည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၁၇ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ပြည်ပပြန် ကူးစက်ခံဖြစ်ပွားသူ စုစုပေါင်းမှာ ၃၃၀၂၉ ဦး ရှိပြီ ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်သော အခြေအနေတွင်ရှိသူ ၁၂၉ ဦးရှိရာ ယမန်နေ့ကထက် ခုနစ်ဦး လျော့နည်းကျဆင်းလာကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၁ ဦးရှိလာဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၂၄၂၇၉ ဦး ရှိပြီဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပမာဏမှာ ၀ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ

# ယခုနှစ်တွင် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ယာဉ်မတော်တဆမှုကြောင့် လူ ၅၀၀ ကျော် သေဆုံး

**နယူးဒေလီ ဇွန် ၆**

ယခုနှစ် ပထမငါးလအတွင်း အိန္ဒိယနိုင်ငံ မြို့တော်တွင် ယာဉ်မတော်တဆမှုများကြောင့် ၅၀၅ ဦး နီးပါးသေဆုံးပြီး ၂၁၅၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဇွန် ၅ ရက်တွင် ဒေလီရဲတပ်ဖွဲ့က ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများအနက် ၄၉၅ မှုသည် အသက်ဆုံးရှုံးရသည့် ယာဉ်မတော်တဆမှုများဖြစ်ကာ ၁၇၆၂ မှုမှာ သာမန်ယာဉ် မတော်တဆမှုများဖြစ်ပြီး ၄၃ မှုမှာ ထိခိုက်ဒဏ်ရာမရရှိသော ယာဉ်မတော်တဆမှုများဖြစ်ကြောင်း အချက်အလက်အရ သိရသည်။

သေဆုံးမှု အများဆုံးအရေအတွက်မှာ အော့တားနော့ခရိုင်မှ ၅၆ ဦးဖြင့် အများဆုံးဖြစ်ပြီး အနောက်မြောက်ပိုင်းခရိုင်မှ ၅၀၊ အနောက်တောင်ပိုင်းခရိုင်မှ ၄၆ဦး နှင့် အနောက်ပိုင်းခရိုင်မှ ၄၅ ဦး တို့ဖြစ်ကြောင်း သိရသည်။ ထို့အပြင် သေဆုံးမှုအနည်းဆုံးအရေအတွက်မှာ ရှာဒရာခရိုင်မှ ၁၆ ဦး၊ အလယ်ပိုင်းခရိုင်မှ ၁၉ ဦးနှင့် နယူးဒေလီ၊ ရိုဟီနီနှင့် တောင်ပိုင်းခရိုင်တို့မှ ၂၁ ဦးစီတို့ဖြစ်သည်။

ဒေလီ၏ အရှေ့တောင်ပိုင်းခရိုင်သည် မတော်တဆဖြစ်ပွားမှု ၂၂၂ မှုဖြင့် အများဆုံးဖြစ်ပြီး အနောက်တောင်ပိုင်းခရိုင်မှ ၁၉၂ မှု၊ အော့တားနော့ခရိုင်မှ ၁၉၁ မှုနှင့် အနောက်ပိုင်းခရိုင်မှ ၁၈၆ မှုတို့ဖြစ်ကြောင်း သိရသည်။ နယူးဒေလီခရိုင်သည် မတော်တဆဖြစ်ပွားမှု ၇၅ မှုဖြင့် အနည်းဆုံးဖြစ်ပြီး ရှာဒရာခိုင်မှ ၇၇ မှုနှင့် ရိုဟီနီခရိုင်မှ ၁၀၀ မှုဖြင့် အနည်းဆုံးဖြစ်သည်။



အိန္ဒိယနိုင်ငံ မြို့တော်သည် ယမန်နှစ်က အသက်ဆုံးရှုံးရသည့် ယာဉ်မတော်တဆမှု ၁၂၀၆ မှု နီးပါးရှိကြောင်း၊ အဆိုပါ ယာဉ်မတော်တဆ ဖြစ်ပွားမှုမှ ၁၂၃၉ ဦးမှာ အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ ယခင်နှစ်က အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၀၂၁ ခုနှစ်တွင် အသက်ဆုံးရှုံးရသည့် မတော်တဆမှုသည် ၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဘုရင်မကြီး အယ်လိဇဘေတ် - ၂ နန်းစံသက် နှစ်ပေါင်း ၇၀ ကြာ အခမ်းအနားဆင်နွှဲခဲ့သော်လည်း အသက်အရွယ်အရ ဘက်ကင်ဟမ်နန်းတော်ပြင်ပ၌ ပြုလုပ်သည့် မီးထွန်းပွဲ တက်ရောက်နိုင်ခြင်းမရှိ

လန်ဒန် ဇွန် ၆

**ဗြိတိန်နိုင်ငံ၏ နန်းသက်အရှည်ကြာဆုံးဖြစ်သည့် ဘုရင်မကြီး အယ်လိဇဘေတ် -၂ က နန်းစံသက် နှစ်ပေါင်း ၇၀ ကြာ အခမ်းအနားဆင်နွှဲပြီးနောက် တိုင်းသူပြည်သားများအတွက် တိုင်းပြုပြည်ပြုအကျိုးများကို ဆက်လက်သယ်ပိုးသွားမည်ဟု ဇွန် ၅ ရက်က ကတိပြုမိန့်ကြားသည်။**



ဘုရင်မကြီးအဖြစ် နှစ် (၇၀) မြောက် နန်းစံခြင်း အထိမ်းအမှတ်အခမ်းအနားကို မည်သို့ကျင်းပရမလဲဆိုသည်နှင့် ပတ်သက်ပြီး လမ်းညွှန်စာအုပ် မရှိပါကြောင်း၊ သို့သော် မိမိရဲ့ နှစ် (၇၀) မြောက် ပလက်တီနမ်ရတုကို ဆင်နွှဲရန် လမ်းမပေါ် ရောက်ရှိလာသည့် ပြည်သူများကို လေးစားပြီး ဝမ်းသာပီတိဖြစ်ရကြောင်း လေးရက်တာ ကျင်းပသည့် အခမ်းအနားအပြီးတွင် ထုတ်ပြန်သော ကြေညာချက် တစ်စောင်၌ အသက် ၉၆ နှစ်အရွယ်ရှိ ဘုရင်မကြီးက ထည့်သွင်းမိန့်ကြားခဲ့ခြင်း ဖြစ်သည်။

စစ်ရေးပြ ဂုဏ်ပြုအခမ်းအနားများ၊ ဂီတဖျော်ဖြေပွဲများနှင့် ယဉ်ကျေးမှုပြပွဲများအပါအဝင် လန်ဒန်မြို့ လမ်းမထက်တွင် လူထောင်ပေါင်းများစွာ စည်စည်ကားကားဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ လန်ဒန်မြို့လယ်ကောင်၌ လမ်းဘေးအနုပညာများ၊ တေးဂီတများနှင့် ကာနီဗယ်ပွဲတော်များ တင်ဆက်သည့် နောက်ဆုံးနေ့ဖြစ်သော ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် ဘုရင်မကြီးသည် ၎င်းနေထိုင်စံမြန်းရာ ဘက်ကင်ဟမ်နန်းတော်၏ လေသာဆောင်ရှေ့သို့ ခေတ္တရောက်ရှိကာ ပြည်သူများအား နှုတ်ဆက်ခဲ့သည်။

သို့သော်လည်း ဘုရင်မကြီးသည် အသက်အရွယ်အရ လှုပ်ရှားသွားလာရာတွင် ပြဿနာရှိနေသဖြင့် စိန့်ပေါလ်ဘုရားကျောင်း၌ ပြုလုပ်သည့် ကျေးဇူးတော်နေ့အခမ်းအနားနှင့် ဘက်ကင်ဟမ်နန်းတော်ပြင်ပ၌ ပြုလုပ်သည့် ကြယ်ပွင့်ဂီတဖျော်ဖြေပွဲနှင့် မီးထွန်းပွဲတော်ကို တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။

အခမ်းအနားများကို လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း ပြည်သူနှင့်အတူရှိပြီး မိသားစု၏ဖေးမကူညီမှုနှင့်အတူ တိုင်းကျိုးပြည်ကျိုးကို စွမ်းနိုင်သမျှ ဆက်လက်သယ်ပိုးသွားမည်ဖြစ်ကြောင်း ဘုရင်မကြီးက မိန့်ခွန်းပြောကြားသည်။

**ဆင်ဟွာ**



သေနတ်ပစ်ခတ်မှုတွင် သေဆုံးသူများအတွက် ရည်မှန်းပြုလုပ်သည့် အောက်မေ့ဖွယ်အခမ်းအနားတစ်ခုတွင် ဖယောင်းတိုင်မီးများ ထွန်းညှိနေသည်ကို တွေ့ရစဉ်။

## အမေရိကန် ဖီလာဒယ်ဖီးယားမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လူသုံးဦးထက်မနည်းသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိ

**ဖီလာဒယ်ဖီးယား ဇွန် ၆**

အမေရိကန်ပြည်ထောင်စု ဖီလာဒယ်ဖီးယားမြို့၌ ဇွန် ၄ ရက် ညက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ်၏ အကြီးဆုံးမြို့တော်ဖြစ်သည့် ဖီလာဒယ်ဖီးယားမြို့၏ ထင်ရှားကျော်ကြားသော ညပွဲလမ်းသဘင် ကျင်းပရာနေရာရှိ လူအုပ်ကြီးကို သေနတ်သမားအတော်များများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲများက ပြောသည်။

လူ ၁၄ ဦးကို ဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်း၊ ဆေးရုံ၌ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရဲဘက်က ပြောသည်။

အခင်းဖြစ်ပွားရာနေရာ၌ သေနတ် နှစ်လက်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သေနတ်ပစ်ခတ်သူများကို ယခုအချိန်အထိ မဖမ်းမိသေးကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် လွန်ခဲ့သော သီတင်းပတ်အတော်များများအတွင်း အမေရိကန်ပြည်ထောင်စုကို တုန်လှုပ်စေခဲ့သော နောက်ဆုံး သေနတ်ပစ်ခတ်မှုဖြစ်သည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကုန်သေတ္တာသိုလှောင်ရုံ မီးလောင်မှုဖြစ်ပွား၊ ၄၅ ဦးထက်မနည်း သေဆုံး

**ဒါကာ ဇွန် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာနှင့် အရှေ့တောင်ဘက် ၂၄၂ ကီလိုမီတာအကွာ ချက်တိုဂရမ်ဒေသရှိ ကုန်သေတ္တာများ ထားရာနေရာတစ်လျှောက်၌ ဇွန် ၄ ရက်က မီးအကြီးအကျယ် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၄၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းရာကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ချက်တိုဂရမ် ဆင်ခြေဖုံး၊ ဆိုက်တာကွန်ဒါရှိ ကုန်သေတ္တာသိုလှောင်ရုံနေရာတွင် ဓာတုပစ္စည်းများ ထည့်ထားသော ကုန်သေတ္တာတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားပြီး ထိုသို့ မီးအကြီးအကျယ် လောင်ခဲ့ခြင်း ဖြစ်သည်။


ခရိုင်အုပ်ချုပ်ရေးမှူး မိုဟာမက်မိုမီနာရာမန်က မီးလောင်မှုကြောင့် သေဆုံးသူဦးရေမှာ ဇွန် ၅ ရက်အထိ ၄၅ ဦး တိုးလာကြောင်း ပြောသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ အများစုမှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ တချို့ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသော အခြေအနေတွင် ရှိသည့်အတွက် နောက်ထပ်သေဆုံးသူ အရေအတွက် မြင့်တက်လာနိုင်သေးကြောင်း ၎င်းက ပြောသည်။

မီးသတ်အဖွဲ့ ၂၅ ဖွဲ့က မီးညွန့်မီးတောက်များကို ကြိုးစားငြိမ်းသတ်ခဲ့သည်။

ပေါက်ကွဲမှုကြောင့် အနီးတစ်ဝိုက်တွင် တုန်လှုပ်သွားကြောင်းနှင့် အိမ်များမှ ပြတင်းပေါက်များလည်း ကွဲထွက်ကုန်ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကုန်ပစ္စည်းသိုလှောင်ရုံ မီးလောင်နေသည်ကို တွေ့ရစဉ်။

## ကမ္ဘောဒီးယားအာဏာရပါတီ ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် အနိုင်ရနိုင်

**ဖနောင်ပင် ဇွန် ၆**

ဝန်ကြီးချုပ် ဟွန်ဆန် ဦးဆောင်သော ကမ္ဘောဒီးယား အာဏာရပါတီသည် ဇွန် ၅ ရက် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် အပြတ်အသတ် အနိုင်ရရှိနိုင်ကြောင်း ခန့်မှန်းခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းဒေသန္တရ အုပ်ချုပ်ရေးကောင်စီ ၁၆၀၀ ကျော်ရှိ အဖွဲ့ဝင်များကို ရွေးချယ်ရန် မဲဆန္ဒရှင်များက ဆန္ဒမဲများ ပေးခဲ့သည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီသည်ကောင်စီ ၉၀ ရာခိုင်နှုန်းကျော်ကို အနိုင်ရနိုင်ကြောင်း အာဏာရပါတီနှင့်အတိုက်အခံ ပါတီ သတင်းရင်းမြစ်များတွင် ဖော်ပြသည်။

နိုင်ငံရွေးကောက်ပွဲ ကော်မရှင်သည် တရားဝင်မဲရလဒ်များကို ဇွန်လနှောင်းပိုင်းတွင် ထုတ်ပြန်မည်ဖြစ်သည်။

ကောင်စီ ရွေးကောက်ပွဲများသည် အချိုးကျကိုယ်စားပြုစနစ်ဖြစ်ပြီး ငါးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယား-အမေရိကန်ပူးပေါင်းတပ်ဖွဲ့ ဒုံးကျည်ရှစ်စင်း ပစ်လွှတ်

**ဆိုးလ် ဇွန် ၆**

တောင်ကိုရီးယား – အမေရိကန်ပူးပေါင်းတပ်ဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းမှ ပင်လယ်ထဲသို့ မြေပြင်မှ မြေပြင်ပစ် ပဲ့ထိန်းဒုံးကျည်ရှစ်စင်းကို ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ပူးပေါင်းတပ်ဖွဲ့သည် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်များကို ဂေါင်ဝမ်ပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းဒေသမှ ဒေသစံတော်ချိန် နံနက် ၄ နာရီ ၄၅ မိနစ်မှ ၁၀ မိနစ်ခန့်အကြာတွင် ပစ်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဒုံးကျည်ရှစ်စင်း ပစ်လွှတ်ရာတွင် တောင်ကိုရီးယားစစ်တပ်ဘက်မှ ဒုံးကျည်ခုနစ်စင်းနှင့် အမေရိကန်စစ်တပ်ဘက်မှ ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဇွန် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၇ ရာခိုင်နှုန်းရှိ

**(၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၄၂,၂၃၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၃၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၃၅၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၅၈) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၉) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၆၁) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၆) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၅၄၄) ခု | (၁) ဦး |
| စုစုပေါင်း | (၆,၉၆၁) ခု | (၅) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၆-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၅၂၂၅၆၁ | ၈၂၅၈၄၅၃၁ | ၁၀၃၃၅၉၁ |
| ၂။ | အိန္ဒိယ | ၄၃၁၈၁၃၃၅ | ၄၂၆၃၀၈၅၂ | ၅၂၄၇၀၁ |
| ၃။ | ဘရာဇီး | ၃၁၁၅၃၇၆၅ | ၃၀၀၆၃၆၈၂ | ၆၆၇၀၅၆ |
| ၄။ | ပြင်သစ် | ၂၉၆၄၁၆၀၆ | ၂၉၀၄၁၁၁၈ | ၁၄၈၄၆၄ |
| ၅။ | ဂျာမနီ | ၂၆၅၄၀၈၅၂ | ၂၅၆၂၄၁၀၀ | ၁၃၉၇၄၈ |
| ၆။ | ဗြိတိန် | ၂၂၃၀၅၈၉၃ | ၂၁၉၈၁၃၇၀ | ၁၇၈၇၄၉ |
| ၇။ | ရုရှား | ၁၈၃၅၅၂၀၀ | ၁၇၇၆၇၇၅၃ | ၃၇၉၅၈၄ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၆၈၇၀၈ | ၁၇၈၆၅၅၉၁ | ၂၄၂၇၉ |
| ၉။ | အီတလီ | ၁၇၅၀၅၉၇၃ | ၁၆၆၉၇၅၉၇ | ၁၆၆၉၄၉ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## ၆-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၂၆၀၄၅ | ၉၅၁၃၉၈၁ | ၄၃၀၈၁ |
| အင်ဒိုနီးရှား | ၆၀၅၇၁၄၂ | ၅၈၉၇၀၂၂ | ၁၅၆၆၂၂ |
| မလေးရှား | ၄၅၁၄၉၈၉ | ၄၄၅၇၁၁၈ | ၃၅၆၈၈ |
| ထိုင်း | ၄၄၆၈၉၅၅ | ၄၄၀၉၂၄၈ | ၃၀၂၀၁ |
| ဖိလစ်ပိုင် | ၃၆၉၁၇၂၄ | ၃၆၂၈၈၀၉ | ၆၀၄၅၆ |
| စင်ကာပူ | ၁၃၁၈၉၈၄ | ၁၂၃၈၄၀၉ | ၁၃၉၃ |
| မြန်မာ | ၆၁၃၃၈၇ | ၅၉၂၃၅၀ | ၁၉၄၃၄ |
| လာအို | ၂၁၀၀၈၃ | ၂၀၈၃၄၄ | ၇၅၆ |
| ဘရူနိုင်း | ၁၅၀၇၈၁ | ၁၄၈၂၈၅ | ၂၂၃ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၅ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ စုစည်းရာ အင်းတော်ကြီးရမ်ဆာရေဝပ်ဒေသ

**သိန်းညွန့်(PZL)**







**"ကလင်း..ကင်း..ခက်-ခက်-ခက်-ခက်-အတ်-ယစ်-ယစ်-ယစ်" ဟူသည့် ငှက်တို့၏ အော်မြည်သံကို ခပ်သဲ့သဲ့ ကြားရသည်။ အနီးနေရာသည်ကား ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ အင်းတော်ကြီးအိုင်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပင်ဖြစ်သည်။ တစ်နည်းဆိုရသော် အရှေ့တောင် အာရှတစ်ခွင် ဇီဝရပ်ဝန်းဖြစ်ပြီး ကမ္ဘာ့တတိယ အကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသ ဖြစ်သည်။**

အထက်ပါ အော်မြည်သံသည်ကား ဌာနေငှက်တစ်မျိုးဖြစ်သည့် "အောက်ချင်းငှက်" တို့၏ အသံဖြစ်ပင်။

အင်းတော်ကြီးဇီဝအဝန်းနယ်မြေရှိ သစ်တောများအတွင်း လည်ဖြူအောက်ချင်းညို၊ အောက်ချင်း၊ အောင်လောင်၊ အောက်ချင်းလည်ပင်းနီ၊ အောက်ချင်းလည်ဝါ ငှက်မျိုးစိတ်များအနက် သုံးမျိုးသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့်ကြုံတွေ့နိုင်သော အနေအထား၌ ရှိနေသည်။ "အောက်ချင်း၊ အောင်လောင်" ငှက်မျိုးစိတ်များအား ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းနယ်မြေ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မမှ ၁၉၊ ပုဒ်မခွဲ (က) အရ ထိန်းသိမ်းကာကွယ်ထားသည်။

မြန်မာနိုင်ငံတွင် "အောက်ချင်း၊ အောင်လောင်" ငှက်မျိုးစိတ် ၁၁ မျိုး တွေ့ရှိရပြီး ၎င်းတို့သည် သစ်တောများအတွင်း ကျက်စားသောငှက်ကြီးမျိုးဖြစ်သည်။ ဂေဟစနစ် ကောင်းမွန်သော သစ်တောများ၌သာ ကျက်စားလေ့ရှိကြ၍ "အောက်ချင်း၊ အောင်လောင်" ငှက်မျိုးစိတ်များအား သစ်တောများ၏ ရည်ညွှန်းကိန်းများဟူ၍ ခေါ်ဆိုသတ်မှတ်ထားကြသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုကန်ကြီးလည်းဖြစ်သည့် အင်းတော်ကြီးကန်နှင့် ဆက်စပ်ရေဝပ်ဧရိယာများ၊ ရေဝေရေလဲတောများကိုလွှမ်းခြုံ၍ "အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော" အဖြစ် လွန်ခဲ့သော ၂၀၀၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့၌ သတ်မှတ်ဖွဲ့စည်းခဲ့သည်။ ထို့အတူ အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးအဖြစ် ၂၀၀၃ ခုနှစ်၌ သတ်မှတ်ခံခဲ့ရပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင်မူ အရှေ့အာရှ - ဩစတြေးလျငှက်များ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း ( EAAF-118) ၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်လာခဲ့သည်။



တစ်ဆက်တည်းတွင်ပင် "ရမ်ဆာ" ဒေသ (Site No.2256) အဖြစ်လည်းကောင်း၊ ဇီဝအဝန်း နယ်မြေဒေသအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသည်။ ၃၃၃ ဒသမ ၅၀၈ စတုရန်းမိုင် (၂၀၀၆၄၅ ဒသမ ၄ ဧက)ကျယ်ဝန်းသော အင်းတော်ကြီးအိုင်ကို ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်များ ရေရှည် တည်တံ့စေရေးထိန်းသိမ်းရန်၊ သစ်တောဂေဟစနစ် ထိန်းသိမ်းနိုင်စေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေးတို့အတွက်ရည်ရွယ်ကာ မြန်မာနိုင်ငံသစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ဆောင်ရွက်နေသည်။

အင်းတော်ကြီးအိုင်၏ ထူးခြားချက်တစ်ရပ်အဖြစ် ကမ္ဘာ့ဦးစပါးရိုင်းသုံးမျိုး၌ ပါဝင်သော သဘာဝအလျောက် ပေါက်ပွားသည့် "သလေးစပါး" ကေများစွာ ရာသီအလိုက်ရှင်သန်နေခြင်းပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အဆိုပါ စပါးခင်းများကပင် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်များ ကွန်းခိုပေါက်ပွားရာ နေရာဒေသအဖြစ် အထောက်အပံ့ပြုလျက်ရှိသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတည်တံ့ရေးအတွက် ၂၀၁၈-၂၀၁၉ ကာလမှ အစပြုကာ ၂၀၂၂-၂၀၂၃ ကာလအထိ ငါးနှစ်တာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်



တည်ထောင်ခြင်း ၁၀ နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉) များကို ဆောင်ရွက်လျက် ရှိသည်။

ထို့အတူပင် အင်းတော်ကြီးကန်နှင့် ဆက်စပ်ရေဝပ်ဧရိယာအတွင်း ယခင်က ရေပျော်ငှက်မျိုးစိတ် ၁၁၀ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ငှက်မျိုးစိတ် စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရေပျော်ငှက် မျိုးစိတ်အသစ် သုံးမျိုး တွေ့ရှိမှတ်တမ်း တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွက် ရေပျော်ငှက်မျိုးစိတ်အသစ် ရေညှော်င့် (Red-necked Phalarope) နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွက် မျိုးစိတ်အသစ် တောဘဲငန်း (Greater White-fronted Goose)နှင့် တောင်ပံဖြူမြစ်တွေး (White-winged Tern) ရေပျော်ငှက် စုစုပေါင်း မျိုးစိတ်သစ် သုံးမျိုး ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရေပျော်ငှက်မျိုးစိတ် ၁၁၃ မျိုးအထိ တရားဝင်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းထံမှ သိရသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၄၇ မျိုး၊ ငှက်မျိုးစိတ် ၅၀၁ မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ ၉၁ မျိုး၊ ငါးမျိုးစိတ် ၉၅ မျိုး၊ လိပ်ပြာမျိုးစိတ် ၅၀ ခန့် ရှင်သန်ကျက်စားနေကြောင်း စေ့ငုမှတ်သား ရပါ၏။ ထို့အတူ သစ်မျိုးစိတ် ၁၄၈ မျိုး၊ ဆေးဖက်ဝင်အပင် ၁၁၈ မျိုး၊ သစ်ခွမျိုးစိတ် ၇၅ မျိုး၊ ဝါး ခုနစ်မျိုး၊ကြိမ်ပင် ငါးမျိုး၊ မြက်ပင် ၁၄ မျိုးနှင့် ရေနေပင် ၁၅၀ ကျော် ဖြစ်ထွန်းလျက်ရှိရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာပါက နိုင်ငံနှင့် ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ အင်းတော်ကြီးအိုင်နှင့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ ဂုဏ်ကို ဆောင်နိုင်ရုံမျှမက အာဆီယံဒေသ၏ ဇီဝအမွေအနှစ်များ ဖြစ်ထွန်းတည်ရှိရာရပ်ဝန်းကို ရေရှည်ရပ်တည်နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများက အလေးအနက်ပြု ပါဝင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ကိုးကား-**

**မြန်မာနိုင်ငံငှက်များ**

**(Birds of Myanmar)**

**ကျော်ညွှန့်လွင်၊ ခင်မမသွင်**

---

# သန္တာကျောက်တန်းများတွင် ကင်ဆာရောဂါတိုက်ဖျက်နိုင်သည့် သဘာဝဓာတုဒြပ်ပေါင်းများ ပါဝင်နေကြောင်း လေ့လာတွေ့ရှိ

*မြန်လင်းမောင်*



အမေရိကန်သိပ္ပံပညာရှင်များက ဆယ်စုနှစ်နှစ်စု ကျော်ကြာလေ့လာမှုများပြုလုပ်ပြီးနောက် ပင်လယ်သန္တာကျောက်တန်းများတွင် ကင်ဆာရောဂါဝေဒနာရှင်များကို ကုသရာတွင် အထောက်အကူဖြစ်စေနိုင်သည့် သဘာဝဓာတု ဒြပ်ပေါင်းများ ပါဝင်နေကြောင်း လေ့လာတွေ့ရှိခဲ့သည်။

အူတာကျန်းမာရေးဆိုင်ရာ တက္ကသိုလ်နှင့် ကယ်လီဖိုးနီးယားတက္ကသိုလ်တို့ ပူးပေါင်းပြုလုပ်သည့် သုတေသနလေ့လာမှုတစ်ရပ်က သန္တာကျောက်တန်းများတွင် ကင်ဆာရောဂါပျောက်ကင်းစေသည့် ဒြပ်ပေါင်းများပါဝင်နေသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း မေလအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။

သုတေသီများသည် ဓာတ်ခွဲခန်းအတွင်း သန္တာကျောက်တန်းများ၏ ဒြပ်ပေါင်းများကို ခွဲခြမ်းစိတ်ဖြာပြီး ယင်း၏ DNA များကို ဓာတုဗေဒနည်းပညာဖြင့် လေ့လာရာမှ ထိုသို့ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ "သန္တာကျောက်တန်းတွေကနေ ဆေးဝါးအဖြစ် ဖော်ထုတ်နိုင်ခဲ့တာဟာ ဒါပထမဆုံးပါ၊ အသေးစိတ် လေ့လာမှုတွေအများကြီး ထပ်လုပ်ပြီးရင်တော့ ကင်ဆာရောဂါကို တိုက်ဖျက်နိုင်မယ့် ဆေးဝါးတစ်မျိုးအဖြစ် ထုတ်လုပ်နိုင်မှာပါ"ဟု အူတာကျန်းမာရေးဆိုင်ရာတက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာ ဓာတုဗေဒဌာနမှ ပါမောက္ခ အဲရစ်ရှမစ်က ဆိုသည်။

ပျော့ပျောင်းသော သန္တာကျောက်များတွင် ရောင်ရမ်းမှုကို ဆန့်ကျင်သည့်အေးဂျင့်များ၊ ပဋိဇီဝဆေးများ၊ ကင်ဆာရောဂါကုထုံးများနှင့် အခြားထောင်ပေါင်းများစွာသော ဆေးနှင့်တူသော ဒြပ်ပေါင်းများ ပါဝင်သည်။

အဆိုပါပျော့ပျောင်းသောသန္တာကျောက်များတွင် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုနိုင်မည့် ဓာတုဒြပ်ပေါင်းများစွာရှိသော်လည်း ပမာဏအများအပြားစုဆောင်းရန် ခက်ခဲလှသည်။ ပင်လယ်သန္တာကျောက်တန်းများသည် သားရဲကောင်များကို တားဆီးရာတွင် အဆိုပါ ဒြပ်ပေါင်းများကို အသုံးပြုကြသည်ဟု ဆိုသည်။ ထို့ကြောင့် ယင်းနှင့်တူညီသည့် ဒြပ်ပေါင်းများကို ဓာတ်ခွဲခန်းအတွင်း Synthesis နည်းပညာဖြင့် တီထွင်ထုတ်လုပ်ပြီး ကင်ဆာရောဂါဝေဒနာရှင်များကို ကူညီနိုင်လိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားကြသည်။

"ဒီဒြပ်ပေါင်းတွေရဖို့ကို သန္တာကျောက်တွေ အသုံးပြုဖို့အတွက်တော့ အခက်အခဲ ရှိပါတယ်၊ ဒါပေမယ့် ဓာတ်ခွဲခန်းမှာ တီထွင်ဖို့အတွက်တော့ သိပ်မခက်ခဲတာကြောင့် ဆေးဝါးအဖြစ် သုံးစွဲနိုင်မှာပါ"ဟု ရှမစ်က ဆိုသည်။

ဓာတ်ခွဲလေ့လာမှုများအရ အဆိုပါဒြပ်ပေါင်းသည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို ထိရောက်စွာ ဟန့်တားပေးနိုင်သည့် အစွမ်းရှိသည်ဟု ဆိုသည်။ သန္တာကျောက်တန်းများတွင်ပါဝင်သည့် ရှားပါးဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် အလူသရိုဘင် (eleutherobin) ကို သိပ္ပံသုတေသီများက ၁၉၉၀ ပြည့် လွန်နှစ်များကတည်းက ဩစတြေးလျကမ်းခြေအနီး တွေ့ရှိသည့် ရှားပါးသန္တာကျောက်တန်းများတွင် တွေ့ရှိခဲ့သည်ဟုဆိုသည်။ အလားတူ ဖလော်ရီဒါရှိ သန္တာကျောက်တန်းများတွင်လည်း ကင်ဆာရောဂါတိုက်ဖျက်နိုင်သည့် ဓာတုဒြပ်ပေါင်းများ ပါဝင်နေကြောင်း မကြာသေးမီက ထပ်မံတွေ့ရှိခဲ့ခြင်း ဖြစ်သည်။


ကိုးကား -

Researchers discover potential 'anti-cancer' chemical in sea corals

၂၀၂၂ ခုနှစ် ဇွန်လ ၈ ရက်နေ့သည် ကမ္ဘာ့သမုဒ္ဒရာများနေ့ဖြစ်ပြီး ယခုနှစ်အတွက် ဆောင်ပုဒ်မှာ “ပြန်လည်ရှင်သန်ခြင်း သမုဒ္ဒရာများအတွက် စုပေါင်းလုပ်ဆောင်မှု(Revitalization: Collective Action for the Ocean)” ဖြစ်သည်။

# ကမ္ဘာ့သမုဒ္ဒရာများနေ့

နှစ်စဉ် ဇွန်လ ၈ ရက်နေ့တွင် ကမ္ဘာ့သမုဒ္ဒရာများနေ့ကို နိုင်ငံပေါင်း ၁၄၀ ကျော်က ကျင်းပလေ့ရှိပြီး ၁၉၉၂ ခုနှစ်က ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံတွင် ကနေဒါနိုင်ငံ သမုဒ္ဒရာဆိုင်ရာသိပ္ပံ (the Ocean Institute of Canada) နှင့် သမုဒ္ဒရာဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (International Centre for Ocean Development–ICOD) တို့က “ကမ္ဘာ့သမုဒ္ဒရာများနေ့” သတ်မှတ်ရန်အတွက် အဆိုတင်သွင်းခဲ့သည်။ ယင်းနောက် ၂၀၀၉ ခုနှစ် ဇွန်လ ၈ ရက်နေ့မှစ၍ “ကမ္ဘာ့သမုဒ္ဒရာများနေ့” ကျင်းပရန်အတွက် ၂၀၀၈ ခုနှစ်တွင် ကုလသမဂ္ဂက တရားဝင်သတ်မှတ်ပေးခဲ့သည်။




သမုဒ္ဒရာများသည် ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ဖုံးလွှမ်းထားပြီး ကမ္ဘာ့ရေအရင်းအမြစ်များ၏ ၉၇ ရာခိုင်နှုန်းခန့်ရှိသည်။ ကမ္ဘာ့လူဦးရေ သုံးဘီလီယံကျော်သည် ၎င်းတို့၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ပင်လယ်နှင့် ကမ်းရိုးတန်း ဂေဟစနစ်ဝန်ဆောင်မှု အရင်းအမြစ်များကို မှီခိုနေရသည်။ ထို့အပြင် သမုဒ္ဒရာများသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပါသည့်အပြင် ကမ္ဘာ့ရာသီဥတုကိုလည်း အဓိကထိန်းညှိပေးလျက်ရှိသည်။ သို့သော်လည်း ယနေ့ခေတ်တွင် ကမ္ဘာ့ငါးထုတ်လုပ်ငန်းများတွင် ၃၀ ရာခိုင်နှုန်းခန့် အလွန်အကျွံထုတ်ယူသုံးစွဲနေပြီး ရေရှည်တည်တံ့စွာ ထုတ်လုပ်ပေးနိုင်မည့် ရလဒ်များအောက်သို့ ကျဆင်းနေပြီဖြစ်သည်။ သမုဒ္ဒရာများသည် လူသားများကြောင့် ထွန်းပေါ်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်၏ ၃၀ ရာခိုင်နှုန်းခန့်ကိုလည်း စုပ်ယူလျက်ရှိပြီး စက်မှုမထွန်းကားမီ ကာလမှစတင်၍ သမုဒ္ဒရာအတွင်း အက်စစ်ဓာတ်ပါဝင်မှု ၂၆ ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

သိပ္ပံပညာရှင်များ၏ လေ့လာမှုအရ ယနေ့အချိန်တွင် နှစ်စဉ်ပလတ်စတစ်ပစ္စည်း တန်ချိန်သန်း ၃၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန်ပေါင်း ၁၂ ဒသမ ၇ သန်းခန့် နှစ်စဉ်ဝင်ရောက်လျက်ရှိသည်။ လက်ရှိအတိုင်း ဆက်လက်လုပ်ဆောင်နေပါက ၂၀၅၀ ပြည့်နှစ်တွင် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများမှာ သမုဒ္ဒရာများအတွင်းရှိ ငါးများ၏ အရေအတွက်ထက်ပင် ပိုမိုများပြားနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (၁၄) အဖြစ် **ပင်လယ်ပြင်နှင့် ရေအောက်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး** ရည်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၉ သန်းခန့်သည် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ နေထိုင်လျက်ရှိပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းအရင်းအမြစ်များအပေါ်တွင် မှီခိုနေရသည်။ မြန်မာနိုင်ငံတွင် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဂေဟစနစ် ဝန်ဆောင်မှုများမှ နှစ်စဉ်တန်ဖိုး အမေရိကန် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံခန့် ရရှိစေလျက်ရှိပြီး ယင်းအနက် ၆၀ ရာခိုင်နှုန်းမှာ ဒီရေတောနှင့် သန္တာကျောက်တန်းများမှ ရရှိခြင်းဖြစ်သည်။ အထူးသဖြင့် ဒီရေတောများသည် ပင်လယ်ကမ်းရိုးတန်းဒေသများသို့ ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ထားနိုင်ပြီး နှစ်စဉ် နိုင်ငံ့အရင်းအမြစ်များ၏ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆၅ သန်းခန့်ကို ဆုံးရှုံးနစ်နာမှုမရှိစေရန် အထောက်အကူဖြစ်စေကြောင်း ကမ္ဘာ့ဘဏ်က ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှု အစီရင်ခံစာအရ သိရသည်။

**မြန်မာနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၉ သန်းခန့်သည် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ နေထိုင်လျက်ရှိပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းအရင်းအမြစ်များအပေါ်တွင် မှီခိုနေရသည်။ မြန်မာနိုင်ငံတွင် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်း ဂေဟစနစ် ဝန်ဆောင်မှုများမှ နှစ်စဉ်တန်ဖိုး အမေရိကန် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံခန့် ရရှိစေလျက်ရှိ**

သီဟစည်သူ

# ၂၀၆၀ ပြည့်နှစ်တွင် ကမ္ဘာ့ပလတ်စတစ် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု သုံးဆမြင့်တက်လာနိုင်

**ပလတ်စတစ်ညစ်ညမ်းမှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် ကမ္ဘာကြီးသည် နောင်ဆယ်စုနှစ် လေးစုခန့်အတွင်း ပလတ်စတစ်စွန့်ပစ်ပစ္စည်း ထုတ်လုပ်မှုသုံးဆခန့်တိုးလာနိုင်ကြောင်း မကြာသေးမီက ထုတ်ပြန်လိုက်သည့် အစီရင်ခံစာတစ်ခုတွင် ဖော်ပြသည်။**

၂၀၆၀ ပြည့်နှစ်တွင် ရုပ်ကြွင်းလောင်စာကို အခြေခံထုတ်လုပ်သည့် ပလတ်စတစ်ပစ္စည်း ထုတ်လုပ်မှုသည် နှစ်စဉ် တန်ချိန်ပေါင်း ၁ ဒသမ ၂ ဘီလီယံခန့်ရှိမည်ဖြစ်ပြီး ပလတ်စတစ်စွန့်ပစ်အမှိုက် တန်ချိန်ပေါင်း တစ်ဘီလီယံခန့်အထိ တိုးတက်လာမည်ဖြစ်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) က ထုတ်ပြန်လိုက်သည်။

နိုင်ငံပေါင်း ၃၈ နိုင်ငံကို လေ့လာမှုပြုလုပ်ပြီးနောက် ရရှိလာသည့် အချက်အလက်များအရ နှစ်ပေါင်းလေးဆယ် မပြည့်မီကာလအတောအတွင်း ပလတ်စတစ်ထုတ်လုပ်မှုသည် နှစ်ဆနီးပါးဖြစ်လာနိုင်သည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။ သို့သော်လည်း ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ပစ္စည်းများ ပြန်လည်အသုံးပြုမှုနှုန်းမှာလည်း ၁၂ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဖြစ်သည်။

ယင်းအတိုင်းအတာအားဖြင့် တိုးတက်လာခြင်းသည် နိုင်ငံတကာအနေဖြင့် ပလတ်စတစ်နှင့် ယင်းနှင့်ဆက်စပ်သည့် အကျိုးဆက်များကို သတိပြုဖွယ်ရာ ပမာဏတစ်ခုအထိ တိုးမြင့်လာခြင်းဖြစ်သည်။ ကမ္ဘာ့သမုဒ္ဒရာများ၏ အနက်ရှိုင်းဆုံးနေရာမှ ဖမ်းဆီးရမိသည့် ငါးများနှင့် အာတိတ်ဒေသမှ ရေခဲတုံးများထဲ၌ပါ မိုက်ခရိုပလတ်စတစ်များကို တွေ့ရှိနေရသည်အထိ ကမ္ဘာမြေအနှံ့ ပလတ်စတစ်များ ပျံ့နှံ့ရောက်ရှိလျက်ရှိသည်။

ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် နှစ်စဉ်နှစ်တိုင်း ပင်လယ်ပျော်ငှက်အကောင်ရေ တစ်သန်းခန့်နှင့် အဏ္ဏဝါနို့တိုက်သတ္တဝါ တစ်သိန်းခန့် သေဆုံးစေလျက်ရှိပြီး ပလတ်စတစ်ညစ်ညမ်းမှုသည် ၂၁ ရာစုအတွင်း အဆိုးရွားဆုံးရင်ဆိုင်ရသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြီးဆုံး စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)၏ ခေါင်းဆောင်ဖြစ်သူ မားသီးယပ်ကားမန်းက ဆိုသည်။

၁၉၅၀ ပြည့်လွန်နှစ်များကတည်းက ပလတ်စတစ်တန်ချိန်ပေါင်း ၈ ဒသမ ၃ ဘီလီယံခန့်ကို ထုတ်လုပ်ခဲ့ကြပြီး ယင်း၏ ၆၀ ရာခိုင်နှုန်းကို အမှိုက်ပုံများထဲသို့ စွန့်ပစ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်ဟု လေ့လာမှု အစီရင်ခံစာက ဖော်ပြလျက်ရှိသည်။

၂၀၁၉ ခုနှစ်အထိ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်မှုမှာ တန်ချိန်ပေါင်း သန်း ၄၆၀ ကို အသုံးပြုခဲ့ကြပြီး ယင်းပမာဏသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကထက် နှစ်ဆ ပိုမိုများပြားသည်ဟုဆိုသည်။ ထို့ကြောင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှာလည်း နှစ်ဆတိုးမြင့်လာပြီး လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကထက် တန်ချိန် ၃၅၀ ကျော်ပိုမိုလာပြီး ပြန်လည်အသုံးပြုနိုင်မှုမှာ ၁၀ ရာခိုင်နှုန်းအောက်သာရှိသည်ဟု ဆိုသည်။

ယခုအစီရင်ခံစာအရ ပလတ်စတစ် အသုံးပြုမှုနှင့် လေထုညစ်ညမ်းမှုလျှော့ချရေး ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်နှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများသည် များစွာဆန့်ကျင်လျက်ရှိကြောင်း ဖော်ပြနေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာမှုတို့ကြောင့် ပလတ်စတစ်ထုတ်လုပ်မှုများသည် ဆက်လက်များပြားနေဦးမည်သာဖြစ်ကြောင်း၊ ထို့ကြောင့် အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများသည် လက်တွေ့အခြေအနေနှင့် များစွာဝေးကွာ နေဦးမည်သာဖြစ်သည်ဟု OECD က သတိပေးထားသည်။


ဗီယက်နမ်နိုင်ငံ၌ ပတ်ဝန်းကျင် ညစ်ညမ်းစေသည့် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများ စုပုံနေမှုကို တွေ့ရစဉ်။

လက်ရှိတွင် ပလတ်စတစ်အမှိုက်တန်ချိန် ၁၀၀ နီးပါးခန့်သည် စီမံခန့်ခွဲမှုအလွဲများ သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် စိမ့်ဝင်ခွင့်ပြုထားရပြီး လာမည့် ၂၀၆၀ ပြည့်နှစ်အတွင်း ယင်း၏ နှစ်ဆခန့်တိုးမြင့်လာမည်ဖြစ်သည်။

ထို့ကြောင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP)က ကမ္ဘာကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်တွင် ကန့်သတ်ထားနိုင်ရန်၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် လူသားတို့ ကျန်းမာရေးအန္တရာယ် ထိခိုက်လာမှု၊ နှစ်စဉ် မြစ်ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာအတွင်း အမှိုက်တန်ချိန် ၁၁ သန်းခန့်မျောပါနေမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်စေခြင်းစသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ နောက်ဆက်တွဲဆိုးကျိုးများကို ကန့်သတ်နိုင်ရန်နှင့် ၂၀၄၀ ပြည့်နှစ်မတိုင်မီ ပလတ်စတစ်ထုတ်လုပ်မှုအတွက် ကုန်ကျသည့် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံခန့် သက်သာနိုင်စေရန်အတွက် ၂၀၅၀ ပြည့်နှစ်မတိုင်မီ ပလတ်စတစ် ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် စွန့်ပစ်မှုများကို ၁၅ ရာခိုင်နှုန်း လျှော့ချသွားရန် စသည့်အချက်များပါဝင်သည့် သဘောတူစာချုပ်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၂၀၂၂ ခုနှစ် မတ်လအတွင်း လက်မှတ်ရေးထိုးထားကြသည်။

**ကိုးကား –**

CNA : Global plastic waste on track to triple by 2060

UNEP : Historic day in the campaign to beat plastic pollution: Nations commit to develop a legally binding agreement

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်　ဇွန် ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ကျေးရွာနေ ဖြိုးအောင်စိုး(ခ) ငယ်လေး (၃၁)နှစ်သည် ၎င်းအသုံးပြုသည့် “Ngal Lay” Facebook အကောင့်၊ လောင်းလုံးမြို့နယ် ဟင်းချိုကျေးရွာနေသူများဖြစ်သည့် ဇင်ကိုနိုင်(ခ) ဇင်ကို (၂၈)နှစ်နှင့် မြင့်နိုင် (၅၁)နှစ်တို့ ၂ ဦးသည် ၎င်းတို့အသုံးပြုသည့် “Zin Ko” Facebook အကောင့်နှင့် “Myint Naing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ ရွှေဥ(ခ)ရွှေဆု (၂၆)နှစ်သည် ၎င်းအသုံးပြုသည့် “Shwe Su” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူဆယ်မြို့တွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မူဆယ်　ဇွန် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရိုင်/မြို့နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စုပေါင်းရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးမှ ကောက်နုတ်ချက်များ၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်တားဆီးရေးအဖွဲ့ (DRS) တို့ဖြင့် ပူးပေါင်းဖမ်းဆီးရရှိမှုများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဖမ်းဆီးရရှိမှုများ၊ နယ်မြေဒေသအရ ကုန်သွယ်ရေးလမ်းကြောင်း ပိတ်ဆို့မှုများ၊ ယခင်နှစ်များက ကိုဗစ်-၁၉ ကြောင့် ကုန်သွယ်ရေးလမ်းကြောင်း ခက်ခဲမှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းသည်။ ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန ဦးရဲထွဋ်အောင်က အကောက်ခွန်ကိစ္စနှင့် ပက်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် တက်ရောက်လာသော ဌာနဆိုင်ရာများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအကြောင်းနှင့် ပတ်သက်သည်များကို အကြံပြုချက်များနှင့်တကွ ဆွေးနွေးကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



## မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော်　ဇွန် ၆**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာနေ ဖော်သက်ထွေး (ခ) ချစ်ထွေး (ခ)နိုင်လင်းသည် “မင်းဒဿ” အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ အသုံးပြုကာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မ --- (၁၈ နှစ်) ကို တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ဟောပေါ့ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၃၅၀၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ပို့ဆောင်ပြီး တရုတ်အမျိုးသား ဖန်ကွေ့ဆိုသူထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် ရွှေပြည်သာ မြို့မရဲစခန်း (ပ) ၁၉၁၈ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဖော်သက်ထွေး (ခ)ချစ်ထွေး (ခ)နိုင်လင်းကို ဇွန် ၃ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ

**နေပြည်တော်　ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင် ၁၀ လမ်းနေ တင်ဝင်း၏ နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းတည့် ၁၂ နာရီတွင် စိတ်ကြွရူးသွပ် ဆေးပြားများ ပိုင်ရှင်ဖြစ်သူ မနန်းခမ်းအောင်(ခ) မအေးခင်ကို သဃ်္န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ ၈ လမ်းရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တင်ဝင်းနှင့် မနန်းခမ်းအောင်(ခ) မအေးခင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဗန်းမော်နှင့် နမ့်ခမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်　ဇွန် ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့နယ် မံရွတ် ကျေးရွာအုပ်စု မံရွတ်ကျေးရွာ တံတားအနီး ဗန်းမော်-မံစီသွားကားလမ်းတွင် လအောင် မောင်းနှင်ပြီး ဒေါင်ဟောင်း လိုက်ပါလာသည့် တိုယိုတာ လင်ခရူဆာ အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၆၄ ကီလိုနှင့် ငွေကျပ် ခုနစ်သိန်းတို့ကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နမ့်ခမ်းမြို့နယ် စယ်ဟိုင်း ကျေးရွာအုပ်စု ကုန်းဆာကျေးရွာ အနီး မူဆယ်-နမ့်ခမ်းသွား ကားလမ်းတွင် ဘရန်နူး မောင်းနှင်လာသော ဆိုင်ကယ်နှင့် မာဂမ် မောင်းနှင်ပြီး မမွန်းထန် လိုက်ပါလာသည့်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၉၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



လအောင်နှင့် ဒေါင်ဟောင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၆-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ဖေတ္တသုတ်၊ ရတနသုတ်၊ တောရျက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၃၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၃:၃၀** MRTV National News
**၁၆:၃၅** မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေ ပုလဲကျွန်းဆီ
**၁၇:၃၀** ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတိပြုစရာကူးစက်ရောဂါများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** 10th ASEAN Quiz Myannar (National Level) (Part-2)
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၉)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'

**mitv**

**07:01** Shwin Lan Chan Myae Par Zay (Thae Nu Wah)
**07:07** Products of Myanmar - Craft Blacksmithing
**07:32** Talking Shwe Thway (Children Journal)
**07:44** Myanmar's Entrepreneurs: Soe Moe Aung
**08:01** Secret Recipes by Gourmet Chefs (Thai)
**08:34** Mahar Thakya Atula Man Aung - Nga Htat Kyee
**08:50** Chaung Tha Souvenir Business
**09:01** News
**09:27** Global Partnership for Brighter Future: Cabo Verde Pavilion at Expo 2020 Dubai
**09:40** Dances of Myanmar: Bwe Traditional Dance
**09:43** Bridge On The River Tapam

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရှိန်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၅)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မုန့်ဖိုင်းတောင့်လုပ်စားကြရအောင်
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၄၀)
**ချင်း (ချီုး) (၀၉:၀၀ မှ ၁၀:၀၀)**
အနာဂတ်ဆီသို့ခြေလှမ်းများ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရား
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရွှေပေါင်းမောက်စံဘုန်းတော်ကြီးကျောင်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝညီနောင်တို့ရဲ့ညီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်ဘေး
**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာ တောင်တန်းဒေသ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** တောင်သူ့ဘဝသုတကဏ္ဍ
**၀၇:၀၀** ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
**၀၈:၂၀** သတိပြုကာကွယ်ဆစ်ပိုးအန္တရာယ်
**၀၈:၃၀** လေ့ကိုစခန်းသာအပန်းဖြေဆင်စခန်း
**၀၉:၂၀** ချိုမြိန်သောဘဝများရဲ့နှင်းဆီ
**၀၉:၄၅** မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းမှသည် မျိုးစေ့ဗူလုံရေးဆီသို့တက်လှမ်းဖို့ရှယ်ရည်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒီဂရီကောလိပ်ရှိ ကျောင်းအုပ်ဆရာကြီး ဦးစိုးကြည်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးရာသီကာလတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းဘေး၊ ရေဘေးနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပိုစတာများဖြင့် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို ရှင်းလင်းပြောကြားပြီး မုန်တိုင်းဘေးသဏ္ဌာန်တူ သရုပ်ပြ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၃၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၀ ကျပ် | ၂၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၀ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၅ ကျပ် | ၂၃၂၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၈၈၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၄ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၅၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၁၃ | ၉၈၈၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၁၃၂ | ၃၀၀၆၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၉၀၄ | ၁၅၈၂၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၈ | ၂၀၄၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ချူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

(ယမန်နေ့မှ အဆက်)

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက်ဥက္ကာက** ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများတွင် မည်သို့သောစိန်ခေါ်မှုများကို တွေ့ရှိရသည်၊မည်သို့ ကျော်ဖြတ်နေရသည်ကို သိလိုကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ကျောင်းသားများကိုထောက်ပံ့နေသည်မှာ အင်မတန်ဝမ်းသာဖို့ကောင်းပါကြောင်း၊ ထိုထောက်ပံ့မှုသည် ယခုပထမနှစ်အစမှာသာ ထောက်ပံ့သွားမည်လား၊ ကျောင်းသားများ အခက်အခဲဖြစ်လေ့ဖြစ်ထရှိသည့် နှစ်ဝက်လိုအချိန်မျိုးတွင်လည်း ထောက်ပံ့သွားရန်ရှိပါသလား၊ ပညာရေးထောက်ပံ့မှုများကို အရပ်ဘက်အဖွဲ့အစည်းများနှင့်ပေါင်းပြီး မည်သို့ချိတ်ဆက်၍ လုပ်ဆောင်ရန်ရှိသည်ကို သိလိုကြောင်း။

အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အကြမ်းဖက်မှုများက ရှိနေဆဲဖြစ်ကြောင်း၊ ထိုအကြမ်းဖက်မှုများအပေါ်တွင် PDF၊ NUG တို့ဘက်ကလည်း ဝါဒဖြန့်သည့်အနေဖြင့် ၎င်းတို့နိုင်နေပြီ တပ်မတော်ကျရှုံးတော့မည်ဟုပြောကြောင်း၊ ထိုအပေါ်တွင် မည်သို့ပြန်လည်ဖြေကြားပေးနိုင်မည်ကိုသိလိုကြောင်း၊ သံတမန်ရေးနှင့်ပတ်သက်၍ သံတမန်ရေးဆောင်ရွက်နေသည့် ကိစ္စအပေါ်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေနှင့် မည်သို့သော အခက်အခဲစိန်ခေါ်မှုများရှိသည်၊ မည်သို့ ဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

### ငြိမ်းချမ်းရေး

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆယ်နှစ်တာကာလအတွင်း သင်ခန်းစာယူရမည့် အကြောင်းအရာများကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုမှာ ယေဘုယျအားဖြင့် နှစ်မျိုးရှိကြောင်း၊ ထို နှစ်မျိုးမှာ External Factors နှင့် Internal Factors ဆိုသည့် ပြည်တွင်း၊ ပြည်ပမှလာသည့် အကြောင်းအရာနှစ်မျိုးဖြစ်ကြောင်း၊ ပြည်တွင်းနှင့်ပတ်သက်၍ မိမိတို့ရင်ဆိုင်ရသည့် အဓိကစိန်ခေါ်မှုကို ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိပြောခဲ့သည်မှာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း၊ အောင်မြင်မည်ဟု ယုံကြည်သည်မှာ မိမိတို့တွင် အချက်လေးချက်ရှိခြင်းကြောင့် ဖြစ်ကြောင်း။

နံပါတ်တစ်အနေဖြင့် အတွေ့အကြုံနှင့်ပတ်သက်၍ မိမိတို့တွင်ရှိကြောင်း၊ နံပါတ်နှစ်အနေဖြင့် ပေးလာသည့်အချိန်အခါနှင့် ပတ်သက်၍ လုပ်နည်းများ၊ လုပ်နိုင်ခြင်း၊ ဆောင်ရွက်နိုင်ခြင်းများ မိမိတို့တွင်ရှိကြောင်း၊ အချိန်ကာလအားဖြင့် မိမိတို့ဘက်တွင်ရှိကြောင်းကို ပြောခဲ့ကြောင်း၊ အဓိက မိမိတို့ ထပ်မံဖြည့်ဆည်းရမည်မှာ ပြည်သူလူထု၏ ပါဝင်မှုနှင့် ပတ်သက်၍ဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ထောက်ခံခြင်းများတွင် ပြည်သူလူထုပါဝင်လာမှု မြင့်တက်လာသည်များရှိကြောင်း။

သို့သော် ပြည်တွင်း၌ အဓိကကြုံတွေ့ရသည့် အခက်အခဲမှာ နံပါတ်တစ် အချက်အနေဖြင့် တချို့ တိုက်ရိုက်ပါဝင်ပတ်သက်သူများ ကိုယ်တိုင်




သိလျက်နှင့် မသိချင်ယောင်ဆောင်ခြင်း၊ နံပါတ်နှစ် အချက်အနေဖြင့် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ မသိချင်ယောင်ဆောင်ခြင်းနှင့် တိုက်ရိုက်ပါဝင်ပတ်သက်သူများ ကိုယ်တိုင်မကြားချင်ယောင်ဆောင်ခြင်းမှာ အဓိကအခက်အခဲဖြစ်ကြောင်း၊ မိမိဆိုလိုသည်ကို ထပ်ရှင်းအောင်ပြောရမည်ဆိုလျှင် တိုက်ရိုက်ပါဝင်ပတ်သက်သည့်သူဆိုသည်မှာ ငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သည့်သူအားလုံးထက်ပိုပြီး ပါဝင်ပတ်သက်သည့်သူမည်သူရှိမည်လဲဟု ယခင်သတင်းစာရှင်းလင်းပွဲတွင် မိမိပြောခဲ့ပါကြောင်း၊ အချို့နေရာများတွင် ယခင်ကတည်းကတိုင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အနိမ့်အမြင့်အတက်အကျများရှိခဲ့သကဲ့သို့ အချို့နေရာများတွင် EAO အဖွဲ့အစည်းများ ကိုယ်တိုင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တောင်းဆိုထားသည့် အချက်အလက်များရှိကြောင်း၊ တောင်းဆိုထားသည့် အချက်အလက်ဆိုသည်မှာ ဥပမာ NCA စာချုပ် ဖြစ်ပေါ်လာရန်အတွက် လိုင်ဇာ၊ KIA ၌ အခြေခံခဲ့ကြောင်း၊ NCA စာချုပ်ကို ထပ်မံအဆင့်မြှင့်တင်ခြင်းများ၊ NCA စာချုပ် အတည်ပြုခြင်းများကို လော်ခီးလာ၊ KNU တွင် အတည်ပြုခဲ့ကြောင်း။

### ငြိမ်းချမ်းရေးဆွေးနွေး

ယခု ငြိမ်းချမ်းရေးဆွေးနွေးရာတွင် KNU၊ KIA မပါကြောင်း၊ မိမိတို့ ဆွေးနွေးနေသည်များမှာ ၎င်းတို့ရေးဆွဲခဲ့သည့်အတိုင်း ဆွေးနွေးနေခြင်းဖြစ်သော်လည်း ၎င်းတို့မပါသည်မှာ မသိချင်ယောင်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မကြားချင်ယောင်ဆောင်ခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ဖိတ်ခေါ်ခဲ့ကြောင်း၊ အချို့အဖွဲ့များတွင် ပေါ်ပေါ်တင်တင်မတက်ဘူးဆို၍ ထုတ်ပြန်ခဲ့ကြောင်း၊ အချို့အဖွဲ့များမှာ တက်မည်ဟုလည်း မပြောကြောင်း၊ မတက်ဘူးဟူ၍လည်း မပြောသည့်အတွက် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့အတွက် အဓိကအခက်အခဲဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထု မီဒီယာများနှင့် လုပ်ရမည်မှာ မသိချင်ယောင်ဆောင်သည့်သူများကို သိအောင် မိမိတို့က မျက်စိဖွင့်ရလိမ့်မည်ဖြစ်ကြောင်း၊ မကြားချင်ယောင်ဆောင်နေသည့်သူကို ကြားအောင် မိမိတို့ ပြောပေးရလိမ့်မည်ဖြစ်ကြောင်း။

ထိုကိစ္စများသည် မိမိတို့အစိုးရ၏ တာဝန်ဖြစ်သကဲ့သို့ ပြည်သူလူထုအားလုံးကလည်း ပါဝင်ရန်အရေးကြီးကြောင်း၊ မည်သည့်အတွက်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ အဓိက အခက်အခဲပြဿနာများသည် ယင်းအပေါ်တွင် မူတည်နေခြင်းကြောင့်ဖြစ်ကြောင်း၊ နံပါတ်နှစ်အချက်သည် ပညာရေးဖြစ်ကြောင်း၊ ပညာရေးထောက်ပံ့မှုများနှင့် ပတ်သက်၍ အကြမ်းဖျင်းမူဝါဒ ပြောပြလိုကြောင်း၊ ပြဋ္ဌာန်းစာအုပ်များသည် မိမိတို့ငယ်ငယ်တုန်းကဆိုလျှင် အဟောင်းပြန်ကိုင်ရခြင်းများရှိကြောင်း၊ သက်သာသည့်ဈေးနှုန်းနှင့် ဝယ်ရသည်များရှိကြောင်း၊ ယခုအချိန်တွင် ကျောင်းသား ကျောင်းသူအားလုံးကို ပညာရေးဝန်ကြီးဌာန၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းစာအုပ်အသစ်ကိုသာ ကိုင်ခိုင်းကြောင်း၊ ထိုသို့ စာအုပ်အသစ်ကိုင်နိုင်ရန်အတွက် နှစ်စဉ်နှစ်တိုင်းပုံနှိပ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ပို့ဆောင်ရကြောင်း၊ ထိုအရာများကို အကြမ်းဖက်သမားများက ဖျက်ဆီးနေခြင်းဖြစ်ကြောင်း၊ မီးရှို့ ဖျက်ဆီးခြင်းများ၊ ပိုက်ဆံကောက်ခြင်းများရှိကြောင်း၊ မူလတန်းကလေးများဆိုလျှင် ကျောင်းဝတ်စုံကအစ ထောက်ပံ့ပေးသည့်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌအနေနှင့် မည်မျှအထိ ဂရုစိုက်သလဲဆိုလျှင် ကျောင်းဝတ်စုံများကို အရည်အသွေးမမီသည်များ ဖြစ်မည်စိုးသဖြင့် တပ်မတော် အထည်ချုပ်စက်ရုံများမှ ကျောင်းဝတ်စုံများကို အဆင့်မီမီရက်လုပ်ပေးနိုင်ရန်၊ ချုပ်လုပ်ပေးနိုင်ရန် အလေးထား လုပ်ဆောင်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများကို ထောက်ပံ့သည်မှာ တပ်မတော်တွင် မူဝါဒတစ်ခုအဖြစ်ရှိကြောင်း။

တပ်မတော်တွင် မည်ကဲ့သို့ထောက်ပံ့သလဲဆိုလျှင် နှစ်အစတွင် တစ်ခါ၊ နှစ်ဝက်တွင် တစ်ခါ ထောက်ပံ့ကြောင်း၊ နှစ်ဝက်တွင် ထောက်ပံ့သည့်အခါတွင်လည်း လိုအပ်မည့် ကျောင်းသုံးဗလာစာအုပ်ကဲ့သို့ ကျောင်းသုံးပစ္စည်းများ၊ တတ်နိုင်သည့်နေရာများတွင် ကျောင်းဝတ်စုံများပါ ထောက်ပံ့ကြောင်း၊ အနည်းဆုံး ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်းများရှိကြောင်း၊ သတင်းထောက်ကြီးအနေနှင့် ယခုလို ကျောင်းသားများအတွက် မေးမြန်းပေးသည့်အတွက် မိမိတို့အနေနှင့်လည်း ကျေးဇူးတင်ပါကြောင်း၊ ယခုပြောသည့် ကိစ္စများကို မိမိဆက်လက်သတင်းပို့ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ဗိုလ်ချုပ်ပြောကြားသွားခဲ့သကဲ့သို့ ကျောင်းသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်များ တစ်နှစ်စာ အကြမ်းဖျင်းလုံလောက်မှုရှိပါကြောင်း၊ ကျန်သည့်ထောက်ပံ့မှုအနေနှင့် ပညာသင်ထောက်ပံ့ကြေးကို မြို့နယ်အလိုက်စိစစ်ပြီး တင်ပြလာသည့်အခါ မိမိတို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များကလည်း ၎င်းတို့တွင်ရှိသည့် Budget များနှင့် မိမိတို့က သက်ဆိုင်ရာဒေသများ၌ လိုက်လံထောက်ပံ့ပေးလျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

### အကြမ်းဖက်မှု တိုက်ဖျက်ရေး

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ PDF၊ NUG တို့က ၎င်းတို့နိုင်နေပြီဆိုတာမျိုးသည် ယခင်ကတည်းကပြောနေခြင်းဖြစ်ကြောင်း၊ မိမိအမြင်သည် မိမိတို့အစိုးရ၏ မူဝါဒအတိုင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ မူဝါဒဆိုသည်မှာလည်း တပ်မတော်၏မူဝါဒသာဖြစ်ကြောင်း၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိခဏခဏပြောကြောင်း၊ EAO နှင့် မိမိတို့ တိုက်ပွဲဖြစ်သည်ဖြစ်စေ၊ မိမိတို့ မြန်မာနိုင်ငံသား အချင်းချင်းတိုက်ပွဲဖြစ်သည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ သေရသည်မှာ မိမိတို့၏ မြန်မာနိုင်ငံသားသာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးမှုများကို မဖြစ်ပေါ်စေလိုကြောင်း၊ မိမိတို့အနေနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို တိုက်ခိုက်လာလျှင် အကြမ်းဖက်သမားအဖြစ်သတ်မှတ်ပြီး လိုအပ်သည့် လုပ်ဆောင်မှုများကို လုပ်ရမည်ဖြစ်ကြောင်း၊ တစ်နေ့က ဝါဒဖြန့်သည့်ရုပ်ရှင်ကားတစ်ကား ကြည့်လိုက်ပါကြောင်း၊ ထိုအထဲတွင် ၎င်းတို့က "အရှုံးမပေးမချင်းငါတို့နိုင်တယ်" ဆိုသည့် ဝါဒမျိုးကို ရိုက်သွင်းထားကြောင်း၊ မိမိတို့က မည်သည်ကို သွားအမှတ်ရသလဲဆိုလျှင် ဗကပခေတ်က တပ်နီများကို သွင်းပေးထားသော စကားဖြစ်သည့် တိုက်ရဲရမည်၊ သေရဲရမည်၊ သတ်ရဲရမည်ဆိုသည့် စကားကို သွားသတိရကြောင်း၊ တိုက်ရဲရမည်၊ သေရဲရမည်၊ သတ်ရဲရမည်ဆို၍ မည်သို့ ဖြစ်ကုန်ကြသည်ဆိုသည်ကိုလည်း လက်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း၊ အားလုံး ထိခိုက်နစ်နာကြောင်း။

ထိုသို့ဖြစ်သည့်အတွက်ကြောင့် ယခုကဲ့သို့ PDF များ ယခုအချိန်အထိ ရှိနေသေးသည်ဆိုသည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆင်စွယ်ရွာ လူသတ်မှုကဲ့သို့ ပြည်သူလူထုနစ်နာခဲ့ရမှုများရှိကြောင်း၊ နောက်ဆုံးသတ်စရာမရှိ၍ အချင်းချင်းသတ်ခဲ့သည်များလည်းရှိကြောင်း၊ ပဲခူးရိုးမပေါ်မှ ဖြုတ်၊ ထုတ်၊ သတ် လုပ်ငန်းစဉ်ဆိုသည့် အချင်းချင်း သတ်ခဲ့သည်များလည်းရှိကြောင်း၊ မိမိပြောလိုသည်မှာ နားထောင်ကောင်းသည့် စကားလုံးတိုင်းသည် စား၍ကောင်းသည့်စကားလုံး မဟုတ်ကြောင်း၊ နားထောင်၍ကောင်းသော်လည်း အဆိပ်သင့်သည့်အရာများ အများကြီးရှိသည်ဟု မိမိပြောလိုကြောင်း၊ နားထဲတွင် နားထောင်၍ကောင်းပါလိမ့်မည်၊ သို့သော် ရင်ထဲတွင် အဆိပ်သင့်ပါလိမ့်မည်၊ ထိုအရာများသည် ပြောမည်ဆိုလျှင် အများကြီးရှိကြောင်း၊ ဥပမာ တပ်နီခေတ်တွင် တရုတ်ပြည်၌ ၎င်းတို့ ပြောခဲ့သည့် "တော်လှန်ရေးကို သင်ယူခြင်းဖြင့် တော်လှန်ကြ" ဆိုသည့်ဆောင်ပုဒ်သည် တော်တော်လေးကို ခေတ်စားခဲ့ကြောင်း၊ နောက်ဆုံး "တော်လှန်ရေးကို သင်ယူခြင်းဖြင့် တော်လှန်ကြ" ဆိုသည့် ဆောင်ပုဒ်ကို လက်တွေ့ကျင့်သုံးလိုက်သည့်အခါတွင် စာသင်ခန်းများ ပိတ်ပြီး တစ်မျိုးသားလုံး အောက်ကျ၊ နောက်ကျ နှစ်ပေါင်းများစွာခံခဲ့ရသည်ဆိုပြီး သုံးသပ်ချက်ထုတ်ထားပါကြောင်း၊ နောင်တစ်ချိန်တွင် သမိုင်းကစကားပြောလိမ့်မည်ဖြစ်ကြောင်း၊ အရှုံးမပေးမချင်းငါတို့နိုင်သည်ဆိုသည့် အရာသည် နားထောင်ရာတွင် နားထောင်၍ ကောင်းချင်ကောင်းပါလိမ့်မည်၊ ဦးနှောက်နှင့် နှလုံးသားထဲတွင် အကုန်လုံးအဆိပ်သင့်သည့် စကားလုံးမျိုးဖြစ်သည်ဟု မိမိပြောလိုကြောင်း၊ သံတမန်ရေးရာဆောင်ရွက်မှုအနေနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ယခင်သတင်းစာ *စာမျက်နှာ ၂၁ သို့*

**❑ ၂၀၂၁ ခုနှစ်၊ မေလမှ ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၁ ခုတွင် တိမ်းရှောင်အိမ်ထောင်စု ၂၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၁၃၀၀၀၀ ကျော်ကို ထောက်ပံ့ထားပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့်သေဆုံးသူ ၂၄၃ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၅၄ ဦးရှိကြောင်း၊ မီးလောင်ပျက်စီးသွားသည့် ဘာသာရေးကျောင်းငါးကျောင်း၊ နေအိမ် ၁၂၅၅ လုံးအတွက်ကိုလည်း ထောက်ပံ့ထား**

*စာမျက်နှာ ၂၀ မှ*

ရှင်းလင်းပွဲတွင် ကျယ်ကျယ်ပြန့်ပြန့်ပြောပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်သည့် အစိုးရအုပ်ချုပ်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တခြားနိုင်ငံများကို တန်းတူရည်တူဆက်ဆံသကဲ့သို့၊ ကျန်သည့် နိုင်ငံများကလည်း မိမိတို့နိုင်ငံကို အဆင့်တူဆက်ဆံလာကြကြောင်း၊ ထိုသို့မဟုတ်ဘဲ တခြားနည်းလမ်းတစ်ခုနှင့် တစ်မျိုးမျိုး တစ်ဖုံဖုံဆက်ဆံလာမည်ဆိုလျှင် မိမိတို့အနေနှင့် တူညီသည့် တုံ့ပြန်မှုမျိုးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဂုဏ်သိက္ခာ၊ မိမိအစိုးရ၏ ဂုဏ်သိက္ခာအတွက် နိုင်ငံခြားဆက်ဆံမှုရေးရာတွင်လည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက်ဦးကျော်စိုးဦး**က NLD အမတ်ဟောင်း ဖြိုးဇေယျာသော်နှင့် ၈၈/ပွင့်လင်းမှ ကိုဂျင်မီတို့အပါအဝင် အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို နိုင်ငံတော်က သေဒဏ်အမိန့်ချမှတ်ထားသည်ရှိကြောင်း၊ အဆိုပါ သေဒဏ်အား နိုင်ငံတော်အနေဖြင့် ကျင့်သုံးမည်လား သို့မဟုတ် သက်ညှာစွာ ဆောင်ရွက်သွားမည်လား သိလိုကြောင်း မေးမြန်းသည်။

### ပြစ်မှုနှင့်ညီသည့် ပြစ်ဒဏ်ကို ပေးနိုင်ရန် ဆောင်ရွက်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တရားဥပဒေနှင့်ပတ်သက်ပြီး တရားစီရင်မှုတွင် တရားစီရင်မှု၏ သဘောတရားဆိုတာရှိကြောင်း၊ တရားစီရင်မှုတွင် အခွင့်အရေးနှင့် တာဝန်ရှိမှုကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ အခွင့်အရေးနှင့် တာဝန်ရှိမှုတွင် တရားမမှုမှာသာမက ရာဇဝတ်မှုတွင်လည်းရှိကြောင်း၊ အခွင့်အရေးဆိုသည်မှာ အသတ်ခံရလျှင် အသတ်ခံရသူတွင်လည်း အခွင့်အရေးရှိကြောင်း၊ အလုပ်ခံရလျှင် အလုပ်ခံရသူတွင်လည်း အခွင့်အရေးရှိကြောင်း၊ တာဝန်ရှိမှုဆိုသည်မှာ ထိုသို့လုပ်ဆောင်ခဲ့သူကမည်သို့ တာဝန်ရှိသည်ဆိုသည်ကို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆုံးဖြတ်ရာတွင် အချက်အလက်အပေါ်အမှီပြုရကြောင်း၊ ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး ရာဇသတ်ကြီးဆိုသည်မှာ မင်း၏ အမိန့်ကိုဆန့်ကျင်သူအား အရေးယူအပြစ်ပေးခြင်းဖြစ်ကြောင်း၊ ရာဇသတ်ကြီးကို ၁၈၆၁ ခုနှစ်၊ မေ ၁ ရက်တွင် အာဏာတည်ခဲ့ပြီး ယနေ့အထိလည်း အာဏာတည် ကျင့်သုံးလျက်ရှိကြောင်း၊ ရာဇသတ်ကြီးသည် မည်သည့်အရပ်ဒေသတွင်ရှိနေသည့် ပြည်ထောင်စုနိုင်ငံသား ကျူးလွန်သည့် ပြစ်မှုများအားလုံးသက်ဆိုင်ကြောင်း၊ ရာဇသတ်ကြီးထဲတွင် ထိုသို့ရေးလျှင် ထိုသို့လုပ်ပိုင်ခွင့်ရှိကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ဖြစ်ရပ်များသည် PDF အမည်ခံ အကြမ်းဖက်သမားများ၊ မြို့ပေါ်တွင် နေထိုင်သည့် အကြမ်းဖက်သမားများက ပြည်သူလူထုကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြကြောင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းကိုအားလုံးအသိပင်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်ရှိရှိဖြင့် သတ်ဖြတ်ခြင်းများလည်းရှိကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး သေဒဏ်ပေးမှု၊ မပေးမှုများနှင့်ပတ်သက်ပြီး ပြောလိုသည်မှာ မိမိတို့အစိုးရအနေဖြင့် ပြစ်မှုနှင့်ညီသည့် ပြစ်ဒဏ်ကို ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Golden Hand News ဂျာနယ် အယ်ဒီတာချုပ် ဦးလှဆွေ**က မိမိမေးမြန်းသည့် မေးခွန်းသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ပတ်သက်ကြောင်း၊ နေပြည်တော်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်တွင် အကြမ်းဖက်ဘေးရှောင်လူအင်အား ၂၃၀ ရောက်နေကြောင်း၊ ၎င်းတို့သည် တိုင်းဒေသကြီးနှင့်ပြည်နယ် ငါးခုမှ ရောက်လာကြသူများဖြစ်ကြောင်း၊ ထိုအထဲတွင် ဝန်ထမ်း ၃၉ ဦးလည်းပါကြောင်း၊ အဆိုပါ အဖွဲ့များသည် တစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ သို့သော် ဒီနေ့အချိန်အထိ Focal Ministry ဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လာရောက်ကြည့်ရှုခြင်း၊ ထောက်ပံ့ခြင်းများမရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ကြိမ်ထောက်ပံ့ထားကြောင်း၊ အလှူရှင်များထံမှ အလှူခံ၍ ကျွေးနေရကြောင်း။

တကယ်တမ်းတာဝန်ရှိသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟု မိမိအနေဖြင့် မြင်မိကြောင်း၊ အဆိုပါ အဖွဲ့များအထဲတွင် ဝန်ထမ်း ၃၉ ဦး ပါဝင်ကြောင်း၊ ယင်းဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ DG၊ MD များကို သွားရောက်ပြောပြပြီး မိမိတို့ကို နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ သက်ဆိုင်ရာရုံးများတွင် တွဲဖက်ပေးရန်၊ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေခြင်းများဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း ဝန်ထမ်းတချို့မှာရရှိပြီး တချို့မှာ မရရှိခဲ့ကြကြောင်း၊ မိမိဖြစ်စေလိုသည်မှာ တာဝန်ရှိသည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထိုအကြမ်းဖက်ရှောင်သူများကို သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ မေးမြန်းစေလိုကြောင်း၊ ထို ၂၃၀ သောလူများသည် အားလုံး ပြည်ခိုင်ဖြိုးပါတီဝင်များမဟုတ်ကြောင်း၊ ပါတီဝင်သည် ၃၀ ရာခိုင်နှုန်းသာရှိပြီး ကျန်သူများသည် ကြားလူများဖြစ်ကြောင်း၊ သို့သော် အားလုံးသည် အသတ်ခံထားရသူများဖြစ်ကြောင်း၊ ငါးလောင်းပြိုင်အသတ်ခံ ထားရသူများ၏ မိသားစုများပါဝင်သလို တချို့မှာ မိဘနှစ်ပါးစလုံး အသတ်ခံရသဖြင့် မောင်နှမနှစ်ယောက်သာ ကျန်သူများလည်းပါဝင်ကြောင်း၊ အသက် ၈၀ မှ မွေးကင်းစကလေးငယ်အရွယ်အထိ ပါဝင်ကြောင်း၊ အဆိုပါ လူ ၂၃၀ အား Focal Ministry မှတာဝန်သူများက လာရောက်တွေ့ဆုံပြီး ဝန်ကြီးဌာနများနှင့် ယင်းအဖွဲ့ထဲမှ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးစေလိုကြောင်း၊ အချို့ပင်စင်စား အငြိမ်းစားကြီးများဆိုလျှင် ပင်စင်မထုတ်ရသည်မှာ ၁၀ လရှိပြီဖြစ်ကြောင်း၊ ပင်စင်သည် တစ်နှစ်ကျော်၍ သတ်မှတ်ကာလကျော်လွန်သွားပါက ပြန်လျှောက်ရသည့် လုပ်ထုံးလုပ်နည်းများရှိကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့ပင်စင်ကို နေပြည်တော်သို့ လွှဲပေးစေလို၍ တောင်းဆိုရာ တစ်ဖက်မြို့နယ်မှ လွှဲပေးခြင်းမရှိဟု သိရကြောင်း၊ ယင်းကိစ္စများအား ဝန်ကြီးဌာနအနေဖြင့် ပင်စင်ဦးစီးဌာနနှင့် ညှိနှိုင်း၍ လုပ်ဆောင်ပေးမည်ဆိုပါက အင်မတန်မှကောင်းမွန်ကြောင်း၊ ခိုးဝင်လာသည့် ဘင်္ဂါလီများအတွက် လစဉ် ဆန်၊ ဆီ၊ ဆား၊ပဲ စသည်ဖြင့် ထောက်ပံ့နေသေးသည်ဟု သိရကြောင်း။

ယခုကဲ့သို့ နိုင်ငံသားများ အကြမ်းဖက်ခံရ၍ ရောက်ရှိလာသည့် ပုဂ္ဂိုလ်များကို ပစ်မထားသင့်ဘူးဟု မိမိအနေဖြင့်ထင်မိကြောင်း၊ ယင်းသည် လတ်တလောကိစ္စဖြစ်ကြောင်း၊ ရေရှည်တွင် ထိုသူများသည် မိမိတို့နေရပ်သို့ပြန်ရန် အခက်အခဲများလည်းရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ နေအိမ်များ မီးရှို့ခံရခြင်း၊ မိသားစုဝင်များမှာလည်း အသတ်ခံရခြင်းများကြောင့် ၎င်းတို့မှာ အနာဂတ်ပျောက်ဆုံးနေသူများကဲ့သို့ ဖြစ်နေကြောင်း၊ ယခင်ကလည်း ယခုကဲ့သို့ ဖြစ်စဉ်များရှိခဲ့ဖူးကြောင်း၊ သခင်စိုးကြီးခေတ်တွင် ကျေးရွာမှ လူများအသတ်ခံရ၍ ထိုဒေသမှလူများကို ဂန့်ဂေါမြို့ပေါ်တွင် နေရာပေးထားပြီး ကျေးတိုက်ရပ်ကွက်ဆိုပြီးဖြစ်လာကြောင်း၊ အလားတူ ဗကပ သခင်သန်းထွန်းခေတ်က အလယ်ရိုးမ၌ ဖြတ်ထုတ်သတ်လုပ်သည့်အခါ တောင်ပေါ် ၁၄ ရွာကို ရွှေ့၍ ဖဒိုနားတွင် ရွာတည်ပေးခဲ့ရာ လက်ရှိတွင် မြို့ဖြစ်နေပြီဖြစ်ကြောင်း။

ထို့အတူ လက်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးချုပ်တွင် လာရောက်နေထိုင်နေကြရသူများအတွက် နေပြည်တော်တွင် နေထိုင်ရန်မြေနေရာများချထားပေးနိုင်ခြင်း ရှိ/မရှိသိလိုကြောင်း၊ ၎င်းတို့သည် မိမိတို့ဘာသာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လိုကြကြောင်း၊ ယနေ့ငြိမ်းချမ်းလျှင် နောက်နေ့ မိမိတို့နေရပ်ကို ပြန်လိုသူများလည်းရှိကြောင်း၊ လက်ရှိအခြေအနေတွင် မပြန်နိုင်ဖြစ်နေကြကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တာဝန်ထမ်းဆောင်စဉ်ကာလတွင် မိမိကိုယ်စားပြုသည့်နယ်မြေတွင် မီးလောင်မှုဖြစ်ပွားရာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကို ပြောပြရာ ဝန်ကြီးက ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး၊ စောင်၊ ဒန်အိုးတို့ ချက်ချင်းပို့ပေးခဲ့ကြောင်း၊ လက်ရှိတွင် တစ်နှစ်ခန့်ရှိသော်လည်း ရေတိုစီမံကိန်း၊ ရေရှည်စီမံကိန်းတို့ ဆောင်ရွက်ပေးခြင်းမျိုးမရှိသေးကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုလိုပြောကြားပေးခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် လုပ်ဆောင်ပေးရမည့် ကိစ္စများကို ဆက်လက် ညှိနှိုင်းဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း အသိပေးပြီး အမြန်ဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပင်စင်စားဝန်ထမ်းများနှင့် ပတ်သက်ပြီး ၎င်းတို့၏ အမည်စာရင်းများနှင့် ဘဏ်ခွဲအမည်စာရင်း မိမိအားပေးစေလိုကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဆက်လက်ပေးပို့သွားပြီး သက်ဆိုင်ရာ ဘဏ်ခွဲများတွင် ၎င်းတို့၏ ပင်စင်လစာများ ထုတ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင်လည်း ယင်းကိစ္စများနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်၊ ယာယီတိုက်ပွဲရှောင်များနှင့် ပတ်သက်ပြီး မူဝါဒရှိပြီးဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် မိမိဒေသကို မိမိပြန်လိုသည့် လူ၊ မိမိဒေသကို မပြန်လိုဘဲ နေရပ်အသစ်တွင် အခြေချနေထိုင်လိုသူများအတွက် ဝန်ကြီးဌာနများတွင် မူဝါဒများရှိပြီးဖြစ်ကြောင်း၊ အသေးစိတ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှင်းပြမည်ဖြစ်ကြောင်း၊ ယင်းမူဝါဒများတွင်လည်း အကျုံးဝင်ခြင်းကြောင့် မိမိအနေဖြင့် အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဓိကအားဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ထောက်ပံ့ခြင်းများဆောင်ရွက်နေကြောင်း၊ လတ်တလောဖြစ်ပွားနေသည့် ဖြစ်စဉ်များနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနမှ သဘာဝဘေးဖြစ်စဉ်များတွင် ထောက်ပံ့သည့်ပုံစံဖြင့် ထောက်ပံ့လျက်ရှိကြောင်း၊ ထိုသို့ထောက်ပံ့ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရမှရရှိသည့် သတင်းအချက်အလက်များ အပေါ်အခြေခံပြီး ထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အပြင် သက်ဆိုင်ရာခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဖြစ်စဉ်အပေါ်စိစစ်ပြီး မိမိတို့ကို သတင်းအချက်အလက်ပေးကြောင်း။

### ထောက်ပံ့ခဲ့သည့် အခြေအနေများ

ယင်းအချက်အလက်အပေါ်စိစစ်ပြီး ဆောင်ရွက်နေကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ထောက်ပံ့ခဲ့သည့် အခြေအနေများကို တင်ပြရလျှင် လတ်တလောအကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၁ ခုနှစ်၊ မေလမှ ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၁ ခုတွင် တိမ်းရှောင်အိမ်ထောင်စု ၂၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၁၃၀၀၀၀ ကျော်ကို ထောက်ပံ့ထားပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့်သေဆုံးသူ ၂၄၃ ဦးရှိပြီး ဒဏ်ရာ ရရှိသူ ၁၅၄ ဦးရှိကြောင်း၊ မီးလောင်ပျက်စီးသွားသည့် ဘာသာရေးကျောင်း ငါးကျောင်း၊ နေအိမ် ၁၂၅၅ လုံးအတွက်ကိုလည်း ထောက်ပံ့ထားကြောင်း၊ ထောက်ပံ့ရာတွင် တိမ်းရှောင်သူများတွက် ဆန်/ ရိက္ခာအနည်းဆုံး ခုနစ်ရက်စာထောက်ပံ့ပေးကြောင်း၊ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် ငွေကြေးထောက်ပံ့ကြောင်း၊ ပျက်စီးသွားသည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကြောင်း၊ ထိုသို့ထောက်ပံ့မှုအနေဖြင့် တစ်နှစ်အတွင်း ကျပ်သန်းပေါင်း ၅၈၈ သိန်းကျော်ထောက်ပံ့ထားကြောင်း၊ နေပြည်တော်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်ကို ရောက်ရှိလာသည့် ကယားပြည်နယ်အပါအဝင် အခြားဒေသများမှ တိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု ၁၃၆ စု၊ လူဦးရေ ၅၃၆ ဦးအတွက် စားနပ်ရိက္ခာတစ်လစာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်တွင် ထောက်ပံ့ပေးထားကြောင်း၊ မိမိတို့ထောက်ပံ့ပေးထားသည့် အထဲတွင် ပါဝင်ခြင်းမရှိသေးပါက ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမရပူရမြို့နယ်ရှိ တောင်သူလယ်သမားများကို တွေ့ဆုံ နွေစပါးစံပြအကွက်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောက်တောဝကျေးရွာရှိ တောင်သူလယ်သမားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အဆိုပါကျေးရွာရှိ စံပြစိုက်ကွက်၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မိုးစပါးသီးနှံ အထွက်နှုန်းကောင်းမွန်ရေးနှင့် နွေစပါးစံပြကွက်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်သူလယ်သမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ နွေစပါးတစ်ဧက တင်း ၁၀၀ နှင့် တင်း ၁၂၀ အထက် ထွက်ရှိရေး စံပြအကွက်စိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်း - ရနောင်း အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်

**ကော့သောင်း ဇွန် ၆**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဖြစ်ပွားခဲ့သည့် အချိန်မှစတင်ကာ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရေးနယ်စပ်ဂိတ်များအား ပိတ်ထားခဲ့ရာမှ မြန်မာ-ထိုင်းနှစ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကော့သောင်း-ရနောင်း နယ်စပ်ဂိတ်ကို ဇွန် ၆ ရက်မှ စတင်ကာ ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

နယ်စပ်ဂိတ်အား ပြန်လည်ဖွင့်လှစ်ရာတွင် နှစ်နိုင်ငံကူးသန်းသွားလာကြမည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံအလိုက် သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကူးသန်းသွားလာရမည်ဖြစ်ကြောင်း၊ နယ်စပ်ဂိတ်မှတစ်ဆင့် ကူးသန်းသွားလာမှုတွင် ထိုင်းနိုင်ငံကူးလက်မှတ် ပတ်စ်ပို့ကိုင်ဆောင် ထားသူများနှင့် တတိယ နိုင်ငံသားများအား ကူးသန်းသွားလာခွင့် မပြုသေးကြောင်း သိရသည်။

ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ကူးသန်းသွားလာရာတွင် မြို့ခံပြည်သူများ ကူးသန်းရန် သတ်မှတ်ထားသည့် နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်နှင့် ဧည့်သည်များ ကူးသန်းရန် ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်နှစ်မျိုးလုံးဖြင့် ကူးသန်းသွားလာခွင့်ပြုမည်ဖြစ်ပြီး ကော့သောင်းမြို့သို့ လာရောက်လည်ပတ်မည့် ထိုင်းနိုင်ငံသားများ အပါအဝင် ထိုင်းနိုင်ငံ (ရနောင်းမြို့) မှ ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားများအား ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြစ်သည့် အသွားအလာကန့်သတ်မှုနှင့် ခတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်ဖြူမြို့နယ်၌ ရေချိုပုစွန်တုပ်ကြီး စမ်းသပ်သားဖောက်အောင်မြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ စီးပွားရေးဝန်ကြီး ဦးစံရွှေမောင်၊ လူမှုရေးဝန်ကြီး ဦးအောင်မျိုး၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်သူဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၆ ရက်က ငါးလုပ်ငန်းဦးစီးဌာန ကျောက်ဖြူမြို့နယ် ကျောက်ဖြူ ရေငန်ပုစွန်သားဖောက်စခန်းတွင် ရေငန်ပုစွန် သားဖောက်လုပ်ငန်းရာသီချိန် ကုန်ဆုံးသဖြင့် လုပ်ငန်းရပ်နားထားစဉ် ကာလအတွင်း ရခိုင်ပြည်နယ် မြောက်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်တို့မှ ရရှိသည့် ဒေသမျိုးရင်း ရေချိုပုစွန်တုပ်ကြီး စမ်းသပ်သားဖောက် အောင်မြင်နေမှုကို လာရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရေချိုပုစွန်တုပ်ကြီး စမ်းသပ်သားဖောက်မှု အောင်မြင်နေပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အတွင်း ရေချိုအရင်းအမြစ်များရှိရာ ဒေသများတွင် ရေချိုပုစွန်တုပ်ကြီး အသားတိုးမွေးမြူထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရမည်

**ဘားအံ ဇွန် ၆**

ပြည်သူ လူထုအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်များ တိုးပွားလာစေပြီး နေထိုင်မှုပုံစံနှင့် အတွေးအခေါ် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရေးအတွက် တစ်ခုတည်းသောကမ္ဘာမြေဆောင်ပုဒ်ဖြင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး၊ ဘားအံခရိုင်ရုံး၊ မြဝတီခရိုင်ရုံးများကို အသီးသီးဖွင့်လှစ်ခဲ့ပြီး ကျန်ရှိနေသည့် မြို့နယ်ရုံးများနှင့် ခရိုင်ရုံးများကို ဆက်လက်ဖွင့်လှစ်ကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန် လာစေရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းခိုင်မာ အားကောင်းဖို့လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သဝဏ်လွှာနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာတို့ကို ဗီဒီယိုဖြင့် ပြသပြီး ကရင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုများကို ပြသခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်ဝန်ကြီးများက ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၌ ဆုရရှိသူများနှင့် ပြိုင်ပွဲများတွင် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာကျောင်းများတွင်အသုံးပြုရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆရာကိုင်လက်စွဲစာအုပ်များကို ပြည်နယ်ပညာရေးမှူးထံ ပေးအပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကြောင့် နေပြည်တော်ရှိ နွားမွေးမြူသူများ စီးပွားရေးထိခိုက်

**နေပြည်တော် ဇွန် ၆**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်ပနွားတင်ပို့ရောင်းချမှုမရှိသလောက်ဖြစ်ကာ နွားမွေးမြူသူများ စီးပွားရေးထိခိုက်လျက်ရှိကြောင်း နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးလုပ်ငန်းရှင် တစ်ဦးက ပြောသည်။

"နွား ပြည်ပတင်ပို့မှုမရှိတာ သုံးနှစ်လောက်ရှိပြီ။ ပြည်ပတင်ပို့မှုမရှိတော့ ပြည်တွင်းမှာပဲ အသားဈေးနဲ့ ရောင်းနေရတယ်။ အရင်တုန်းက ခိုင်းနွားတစ်ကောင် ကျပ် ၁၀ သိန်းအထက်ရှိတယ်။ အခု ကျပ်ခြောက်သိန်းလောက်ပဲရှိတယ်" ဟု နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်မှ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးစိုးဝင်းက မြန်မာ့အလင်းသို့ပြောသည်။

ဦးစိုးဝင်းအနေဖြင့် နွားမွေးမြူရေးလုပ်ငန်းကို နှစ်ပေါင်း ၃၀ ကြာ လုပ်ကိုင်လာသူဖြစ်ကာ လက်ရှိ နွားကောင်ရေ ၂၁၅ ကောင်မွေးမြူထားပြီး နို့စားနွားမများကို အဓိကမွေးမြူထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ နွားများကို အဓိကအားဖြင့်တရုတ်နိုင်ငံဈေးကွက်သို့ ရှမ်းပြည်မြောက်ပိုင်း မူဆယ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် တင်ပို့ခဲ့ရာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နွားတင်ပို့မှုများ ရပ်ဆိုင်းထားခဲ့ရသည်။

"ကျွန်တော်တို့ပြည်တွင်းမှာလည်း နွားနဲ့ လယ်လုပ်သူကရှားလာပြီ။ လယ်ထွန်စက်တွေပေါ်လာတော့ နွားနဲ့မခိုင်းကြတော့ဘူး။ ထွန်စက်တွေနဲ့ ထွန်ကြတယ်။ စက်မှုလယ်ယာဖြစ်လာတော့ နွားကိုမွေးပြီး လယ်လုပ်သူရှားလာပြီ။ နွားဈေးကကြီး လယ်လုပ်သူက ရှားပါးလာတော့ ခိုင်းနွားဈေးကွက်က ပျောက်မလိုဖြစ်နေပြီ" ဟု ဦးစိုးဝင်းကထပ်လောင်းပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ရာသီဥတုအရ နွားမွေးမြူရေးကောင်းသော်လည်း စားကျက်မြေရှားပါးလာကြောင်း၊ သိုး၊ ဆိတ်မွေးမြူရေးမှာလည်း ရောဂါဝင်သဖြင့် အသေအပျောက်များကြောင်း၊ နွားမွေးမြူရာတွင်လည်း နို့စားနွားနှင့် အသားစားမွေးမြူမှုသာ အောင်မြင်မှုရှိကြောင်း ၎င်းကပြောသည်။ ယခုအခါနိုင်ငံတော်အစိုးရက နွားမွေးမြူရေး လုပ်ကိုင်ရာတွင် စားကျက်မြေရှားပါးလာမှု အခက်အခဲကို အဆင်ပြေစေရန်အတွက် လွှတ်ကျောင်းစနစ်မှ ခြံလှောင်စနစ်ဖြင့်စနစ်တကျ မွေးမြူခြင်းကို အားပေးဆောင်ရွက်လျက်ရှိသည်။

**ကိုထင် (မြန်မာ့အလင်း)**

# နေပြည်တော်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

# စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အလေးထားဆောင်ရွက်ရမည်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ (၂) နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီးများမှ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကြိုးစား ဆောင်ရွက်စေလိုကြောင်း၊ စက်မှုဇုန်အတွင်း မြေနေရာချထားမှုများနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေး ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုရန် မြေကွက်လျှောက်ထားမှုများ၊ မြေနေရာ ချထားခွင့်ပြုနိုင်ရေး ကိစ္စရပ်များ၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားလိုင်း ကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေးခဲ့ကြောင်း သိရသည်။

**အောင်ကိုကို(ခရိုင်ပြန်/ဆက်)**



# ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး

# e -Library ဆော့ဖ်ဝဲအသုံးပြုနည်း သင်တန်းဖွင့်

**ပျဉ်းမနား ဇွန် ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာ ကြည့်တိုက်များအခန်းကဏ္ဍ မြှင့်တင်နိုင်ရေးနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍမြင့်မားရေးအတွက် သမားရိုးကျ စာကြည့်တိုက်လုပ်ငန်းစနစ်မှ ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်သို့ အဆင့်မြှင့်တင်နိုင်ရေး e–Library Management System Software အသုံးပြုနည်းသင်တန်း (၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်စိုးက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခရိုင်နှင့်မြို့နယ်များမှာရှိသည့် ပြည်သူ့စာကြည့်တိုက်များမှာ သမားရိုးကျစနစ်နှင့် ဆောင်ရွက်လျက်ရှိသည့် စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက် ရေးသွင်းခြင်း၊ စာအုပ်စာစောင်ငှားရမ်းခြင်းလုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် e–Library Management System Soft–ware ကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ e–Library Management System Software ကို အသုံးပြုခြင်းအားဖြင့် သက်ဆိုင်ရာရုံးများအလိုက် စာအုပ်စာရင်းများရေးသွင်းခြြင်း၊ ရက်လွန်စာအုပ်များအခြေအနေ၊ စာဖတ်ပရိသတ်ဦးရေနှင့် အကြံပြုချက်များကို ဦးစီးဌာန(ရုံးချုပ်) အနေဖြင့်လည်း ဆော့ဖ်ဝဲအသုံးပြု စောင့်ကြည့်ကြီးကြပ်နိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ် ရုံးများအနေဖြင့်လည်း သက်ဆိုင်ရာရုံးများအလိုက် စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြီးကြပ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ စာကြည့်တိုက်လုပ်ငန်း လုပ်ဆောင်နေကြသည့် ဝန်ထမ်း ၃၀ တို့တက်ရောက်လျက်ရှိပြီး ဇွန် ၆ ရက်မှ ၁၀ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး e –Library ဆော့ဖ်ဝဲအသုံးပြုနည်း သင်တန်းဖွင့်အခမ်းအနားကျင်းပစဉ်။

**ရေချွေတာရေး နည်းလမ်းများ**

❇ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❇ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။


**"အဂတိပယ်ခွာ ပြည်သာယာ"**

**Remove Corruption, Promote Prosperity**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊ ၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm


# ဒေါ့ဖုန်းယန်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ


**ဒေါ့ဖုန်းယန် ဇွန် ၆**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ဒေါ့ဖုန်းယန်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ထိုးနှံပေးသည်။

ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဒေါ့ဖုန်းယန်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အနီးကပ်ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရေးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀ တို့အား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံပေးခဲ့ပြီး ကျန်ရှိနေသည့် ကျောင်းသား ကျောင်းသူများအား ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**သန်းနိုင်စိုး (ပြန်/ဆက်)**



# အထူးကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင် ၊ မလှိုင်မြို့နယ်
စေတော်ဝင် ရွှေပေါ်ကျွန်း သာသနာပြုစခန်းကြီးကို တည်ထောင်တော်မူသော

## ကျေးဇူးတော်ရှင် အရှင်ရေဝတသိဒ္ဓိ ဓမ္မညာဏိက
## ( အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ)

## ဆရာတော်ဘုရားကြီး၏ သက်တော် (၁၀၀) ပြည့်
## ဝိဇာတ ဂုဏာပူဇာပွဲသဘင်သို့

ကြွရောက်ချီးမြှောက်တော်မူကြကုန်သော အနယ်နယ်အရပ်ရပ်မှ
ဆရာတော် ၊ သံဃာတော်များ ဆရာတော်ဘုရားကြီး၏
သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ယုံကြည်အားထား၍ သဒ္ဓါတရားထက်သန်စွာ
လိုအပ်ချက်မရှိပြည့်စုံစွာ လှူဒါန်းပေးကြသော အလှူရှင်များ မိမိတို့
တတ်မြောက်ထားသော ပညာများဖြင့် ဆရာတော်ဘုရားကြီးအား
လာရောက်ပူဇော်ကြသော စာပေ ၊ ဂီတ ၊ သဘင်၊ အနုပညာရှင်များ
မိမိတို့ သဒ္ဓါတရားအလျောက် ကာယအား ၊ ဉာဏအားတို့ဖြင့်
မငြင်းမချန် ဝေယျာဝစ္စပြုလုပ်ကြသော ခုနစ်ရက်သားသမီး ဝေနေယျအပေါင်းတို့အား
ကျောင်းတော်ကြီး၏ ရာပြည့်ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ
ကျေးဇူးဥပကာရ အထူးပင် တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ရာပြည့်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ**
**စေတော်ဝင် ရွှေပေါ် ကျွန်းသာသနာပြုစခန်း**

## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၅
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)
## အရကင်းလွတ်ခွင့်ပြုပါရန်
## လျှောက်ထားသည့်အမှု

ရတနာမိုးကုမ္ပဏီလီမိတက်
YADANAR MOE COMPANY LIMITED
(၎င်းကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဦးထွန်းထွန်းစိုး) လျှောက်ထားသူ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ အမှတ်(၁၄၂)နေ ရတနာမိုးကုမ္ပဏီလီမိတက်(YADANAR MOE COMPANY LIMITED) (၎င်း၏ကုမ္ပဏီကိုယ်စား ဒါရိုက်တာ ဦးထွန်းထွန်းစိုး) က မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ONLINEစနစ်ဖြင့် (www.myco.dica.gov.mm)တွင် ပြန်လည် မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့၍ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၁(စ) အရ လျှောက်ထားခြင်းအပေါ် ၂၀၂၂ခုနှစ် ဇွန် ၁၅ရက်(၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၂ရက်) နံနက် ၁၀နာရီတွင် အဆိုပါလျှောက်ထားချက်အား ရသင့်/မသင့်ကိုကြားနာ၍ စီရင်ဆုံးဖြတ်မည်ဖြစ်၍ ယင်းကုမ္ပဏီနှင့်ပတ်သက်သည့်အကျိုးသက်ဆိုင်သူ မည်သူမဆိုမိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသည့် အခွင့်အမိန့်အရ ရှေ့နေဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ရတနာမိုးကုမ္ပဏီလီမိတက်(YADANAR MOE COMPANY LIMITED) ၏လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၂ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငွေးအောင်)
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ်၊ ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၄၁၄)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးမျိုးခိုင် (ဘ) ဦးအုံးမောင် ၉/မထလ(နိုင်)၁၉၉၅၇၇ အမည်ပေါက်မြေကွက်အား ဦးမျိုးခိုင်ထံမှ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၈၂/၂၀၂၂)၊ (၃၀-၅-၂၀၂၂)ရရှိထားသူ ဦးစိုင်းကျော်လင်းလတ်(ဘ)ဦးတင်မောင်မြင့် ၁၃/လပန(နိုင်) ၀၁၁၇၃၆မှ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်(မူရင်း)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီအဆိုပါမြေပေးမိန့်ကို ဦးစိုင်းကျော်လင်းလတ်(ဘ)ဦးတင်မောင်မြင့် ၁၃/လပန(နိုင်)၀၁၁၇၃၆အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ်၊ ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၀၇၀)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်ချိုချိုခင် (ဘ)ဦးထွန်းဝေ ၁၂/ရကန(နိုင်)၀၃၈၃၅၇အမည်ပေါက်မြေကွက်အား ဒေါ်ချိုချိုခင်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၈၅/၂၀၁၁)၊ (၂၇-၁-၂၀၁၁) ရရှိထားသူ ဦးချန်ပေါက် (ဘ)ဦးရှောင်လွင် ၁၃/ နစန(နိုင်)၀၂၃၄၁၀ မှ အဆောက်အအုံခွင့်ပြုမိန့် အမှတ်(၁၇၀၄/၂၀၁၁-၁၂) (မိတ္တူမှန်) တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးချန်ပေါက် (ဘ) ဦးရှောင်လွင် ၁၃/ နစန(နိုင်)၀၂၃၄၁၀အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဒဟက်ကန်ကျေးရွာအုပ်စု၊ ၁၆၄၂-ခ၊ ကံလှတောင်၊ မကွေးနတ်မောက်ကားလမ်း၊ အမှတ်(၈၅-၈၆)မှထုတ်လုပ်မည့် (HST ဆယ်စုသစ်) အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများကို ကျွန်တော် ဦးကျော်သက်အောင် ၅/ငဇန(နိုင်)၀၆၇၄၉၀ မှ လုပ်ကိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သက်အောင် ၅/ငဇန(နိုင်)၀၆၇၄၉၀**
**ဖုန်း-၀၉-၂၅၉၀၆၈၆၉၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ (ဘ)ဦးစိုင်းမြင့်လွင် ၁၂/ပဘတ(နိုင်)၀၁၃၈၄၅၏သား စိုင်းဝဏ္ဏအောင် ၉/မဟမ(နိုင်)၀၄၂၆၇၈ အား ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။ စိုင်းဝဏ္ဏအောင်နှင့် ပတ်သက်သည့်ကိစ္စအဝဝ မှန်သမျှအားလုံး ကျွန်ုပ်တို့မိသားစုနှင့် မသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းနိုင်ပါသည်။**

**ဦးစိုင်းမြင့်လွင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၇၁) တည်ရှိရာ အလျား၂၅ပေ၊ အနံ ၃၅ပေ ရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လွန်ခဲ့သောနှစ်ပေါင်း ၅၀ကျော်မှ နေထိုင်ခဲ့သော ကွယ်လွန်သူမိဘများ၏ အမွေဆက်ခံခွင့်ရှိသူသားသမီးများထံမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေမှ ပေးအပ်ထားပါသည်။ အဆိုပါမြေနေရာသည် မြေချပါမစ်ချထားပေးစဉ်က နေထိုင်သူများက သွားရောက်ထုတ်ယူခဲ့ခြင်းမရှိသော မြေနေရာဖြစ်သည်ဟုသိရပါသည်။ အဆိုပါအိမ်မြေအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများသည်ကျွန်ုပ်ထံသို့(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါက အပြီးအပိုင်စာချုပ်ချုပ်ဆို၍ ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မင်းထွဋ်** | **ဒေါ်ခင်သီတာလွင်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၀၅၇၈/၂၈-၁၂-၂၀၁၈)** | **(စဉ်-၁၀၄၃၁/၂၆-၃-၂၀၁၅)** |
| **အမှတ် ၁၂၄၊ ၁၈လမ်း၊ လသာမြို့နယ်၊** | **အမှတ် ၁၉၊ ၁လမ်း၊ ခနောင်တို** |
| **ရန်ကုန်တိုင်းဒေသကြီး** | **အနောက်ရပ်ကွက်၊** |
| | **ဆိပ်ကြီးခနောင်တိုမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ UNIVERSAL PROSPECTS CO.,LTD သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း ၁၀၀ မှ သိန်း ၅၀ သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**UNIVERSAL PROSPECTS CO.,LTD**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်ရှိ ဦးအောင်ကိုလတ် ၈/မဘန(နိုင်)၀၂၇၂၄၈ (ဘ) ဦးတင်လတ် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပ-၂၃၀၈၉ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်နွယ်နွယ်သန်း ၁၂/ဗတထ(နိုင်)၀၁၂၅၅၇ (ဘ) ဦးမောင်မောင်သန်းမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ ဦးအောင်ကိုလတ် သေဆုံးခြင်းလက်မှတ်မိတ္တူ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုပ်ထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ စွန်သိုက်ရပ်၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၄၂)၊ စံရိပ်ငြိမ်၊ အောင်တော်မူလမ်းနေ ဒေါ်မိုးမိုးဦး(ဘ)ဦးတင်ဦး ၈/ပခက (နိုင်) ၀၃၅၄၅၈ နှင့် ဦးမင်းဝေ(ဘ)ဦးတင်ဦး ၈/ပခက(နိုင်)၀၃၇၁၅၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော် ဦးမင်းဝေမှာ ဦးမင်းဆွေ(ဘ)ဦးတင်ဦး၏ညီအရင်းဖြစ်ပြီး ကျွန်မ ဒေါ်မိုးမိုးဦးမှာ ဦးမင်းဆွေ(ဘ)ဦးတင်ဦး၏အစ်မအရင်းဖြစ်ပါသည်။ ဦးမင်းဆွေမှာ လွန်ခဲ့သော ၂၀၀၅ ခုနှစ်ကတည်းက ဦးမင်းဆွေ၊ ဒေါ်ခင်ထွေး ဖောင်ဒေးရှင်းကို တစ်ဦးတည်းတည်ထောင်ခဲ့ပါသည်။ ဦးမင်းဆွေ၊ ဒေါ်ခင်ထွေးတို့ကွယ်လွန်သွားပြီးဖြစ်သော်လည်း ထိုဦးမင်းဆွေ၊ ဒေါ်ခင်ထွေး ဖောင်ဒေးရှင်းမှာ ဦးမင်းဆွေ၏ညီအရင်း၊ အစ်မအရင်း တို့နှင့်သက်ဆိုင်နေပါသည်။ ထို့ကြောင့် ထိုဦးမင်းဆွေ၊ ဒေါ်ခင်ထွေး ဖောင်ဒေးရှင်း၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ကျွန်တော်၊ ကျွန်မတို့ သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ အလွဲသုံးစားပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ခွင့်မရှိကြောင်း ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **ဒေါ်နုနုဝေ(LL.B)** |
| **ဒေါ်မိုးမိုးဦး ဦးမင်းဝေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၂၆၃၅)(၁-၆-၂၀၁၇)** |

**ချောင်းဝန်းဆည်မြောင်း၊ ပုသိမ်ကြီးမြို့နယ်**
**ဖုန်း-၀၉-၂၅၇၉၈၈၃၆၅**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးရဲထက်အောင်(LL.B)** | **ဒေါ်သက်မာဦး(LL.B)** | **ဒေါ်ယဉ်ယဉ်မြင့်(LL.B, LL.M)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၁၇၆၁/၃၀-၁၀-၂၀၁၉)** | **(စဉ်-၅၄၃၃၄/၉-၄-၂၀၂၁)** | **(စဉ်-၁၆၉၉၈)(၂၀-၁-၂၀၂၁)** |

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ၆၈(D)လမ်း၊ ၃၄x၃၅ လမ်းကြား၊ နဝရတ်ရိပ်သာ၊ အိမ်အမှတ်(B-1)၊ အကွက်အမှတ်(၇၅၂)၊ ဦးပိုင်အမှတ်(၁၀၁)၊ ဧရိယာ ၀ ဒသမ ၀၄၁၃ အကျယ်အဝန်းရှိ ဦးရွှေ အမည်ပေါက် ဂရန်မြေကွက်နှင့် မြေပေါ်ရှိ RC (၂)ထပ်တိုက်(၁)လုံးအပါအဝင် တပ်ဆင်ထားသော ရေမီတာ၊ လျှပ်စစ်မီတာနှင့်တကွ မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ (၁) ဒေါ်သန်းသန်းဝင်း(ဘ)ဦးထွန်းရွှေ ၉/မရတ(နိုင်)၀၆၅၈၇၈၊ (၂) ဦးစိုးသန်းဦး (ဘ)ဦးထွန်းရွှေ ၉/မရတ(နိုင်)၁၀၇၀၅၀၊ (၃) ဦးတင်ဆန်းဦး(ဘ)ဦးထွန်းရွှေ ၅/ခတန (နိုင်)၀၀၀၈၇၈၊ (၄) ဒေါ်ယဉ်ယဉ်ထွေး(ဘ)ဦးထွန်းရွှေ၅/ခတန(နိုင်)၀၀၀၈၇၉ နှင့် (၅) ဒေါ်အိအိဖူး(ဘ)ဦးထွန်းရွှေ ၉/ခအဇ(နိုင်)၀၁၅၇၁၈ တို့က ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ၆၈ (B)လမ်းထောင့်၊ ၁၀၇(A)လမ်း၊ အမှတ်(ဆ-၄/၂၄)နေ ဦးယဉ်မင်းဟိန်း(ဘ)ဦးစိုးမြင့်တင် ၇/ကဝန(နိုင်)၀၈၈၄၉၈၊ ဒေါ်သီတာငြိမ်း(ဘ)ဦးပေါက် ၈/ဆပဝ(နိုင်)၀၇၄၅၈၅တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသူရအောင်(LL.B)** | **ဦးစန်းယုခိုင်(LL.B)** | **ဒေါ်ဇင်မာသွယ်(LL.B)** |
| **(စဉ်-၉၆၁၁)** | **(စဉ်-၁၂၉၁၂)** | **(စဉ်-၉၉၉၃)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**၆၃ လမ်းx ၆၄ ကြား၊ ၃၂ လမ်းx ၃၃ ကြား၊ မြရတနာလမ်းသွယ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၆၉၉၉၉၃၃၅၊ ၀၉-၂၆၉၉၉၉၃၉၂၊ ၀၉-၇၉၇၂၀၈၇၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၃၄၆၆ လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/3414 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/4276 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (တ/၁၆၈ + တ/၁၆၉ + တ/၁၇၀)၊ အကျယ်အဝန်း (၁၂၀ပေ× ၁၀၀ပေ) (၀.၂၇၅ဧက)ရှိ ဒေါ်ခင်ထွေးဦး (၉/မလန(နိုင်)၀၀၃၇၆၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မီမီအောင်(၉/မလန(နိုင်)၀၀၅၅၅၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)

Ph,09421746974

အမှတ်(၅၁၅)၊ ဗိုလ်သုန်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်သော မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရေပန်းကျောင်းတိုက်၊ (၈၉)လမ်းနှင့် (၃၆)လမ်းထောင့်နေ ကိုရဲထိုက်အောင်(ခ) ကိုရဲ (ဘ)ဦးညွန့်ဝေ ၁၂/သကတ(နိုင်)၁၇၃၁၄၂ နှင့် မဇင်မီကို(ဘ)ဦးဇော်ဝင်းသန့် ၉/မကန (နိုင်)၁၄၈၉၅၆ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာတားမြစ်လိုက်သည်။

ကျွန်ုပ်တို့၏အမှုသည် ကိုရဲထိုက်အောင်(ခ)ကိုရဲသည် Ko Ye' ကျောက်မျက်ရောင်းဝယ်ရေးအကောင့်ဖြင့် ကျောက်မျက်ရတနာများကို ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချပေးလျက်ရှိပြီး ထိုသို့ ရောင်းချနေစဉ် Khur Khur အကောင့်ဖြင့် ကျွန်ုပ်တို့၏အမှုသည် ကိုရဲထိုက်အောင်(ခ)ကိုရဲ၏အမည်၊ ဓာတ်ပုံများ၊ စာသားများအပြင် ၎င်း၏ ဂုဏ်သိက္ခာကိုတမင်ကျဆင်းအောင် အများသူငှာသိရှိနိုင်စေရန် အင်တာနက်ဆော့ဝဲလ်ကို အသုံးပြု၍ Facebook, Messenger, Viber, Wechat, Instagram, Telegram အစရှိသည့် လူမှုကွန်ရက်အမျိုးမျိုးဖြင့်သော်လည်းကောင်း၊ ဂုဏ်သိက္ခာရှိစီးပွားရေးအသိုင်းအဝိုင်းများထဲတွင် သော်လည်းကောင်း၊ ကျွန်ုပ်တို့အမှုသည်များကို တမင်နစ်နာစေရန်ရည်ရွယ်ပြီး ပုဂ္ဂိုလ်ရေးထိပါးစော်ကားသော အရေးအသားများ၊ အပြောအဆိုများကို ပြုမူပြောဆိုနေကြောင်း မြင်တွေ့သိရှိနေရပါသည်။

ထို့ကြောင့် မည်သူမဆို ကျွန်ုပ်တို့အမှုသည်များ၏ဂုဏ်သိက္ခာကို တမင်ကျဆင်းစေရန် ရည်ရွယ်ရေးသားထားသော စာသားများ ၎င်းတို့၏လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် တမင်ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုသည့် အပြောအဆိုအပြုအမူများကို ဤသတင်းစာပါသည့်ရက်မှစ၍ ရပ်တန့်ပယ်ဖျက်သွားရန်နှင့် နောက်နောင် အထက်ပါကဲ့သို့ ပြုမူပြောဆိုနေမည်ဆိုပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားရုံး၏အဆုံးအဖြတ်ကို ခံယူနိုင်ရန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာတားမြစ်လိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမင်းဇော်(LL.B)** | **ဒေါ်သန်းသန်းစိုး(LL.B)** | **ဒေါ်နွယ်နွယ်ထွန်း(LL.B)** |
| **စဉ်-၁၂၉၄၄** | **စဉ်-၁၃၂၆၅** | **စဉ်-၅၃၄၅၄** |
| **(တရားလွှတ်တော်ရှေ့နေများ)** | | **(အထက်တန်းရှေ့နေ)** |

**ရုံးခန်း-အခန်းအမှတ်(၂၉)၊ (၆၈)လမ်း၊ (၃၄)လမ်းနှင့် (၃၅)လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၇၉၇၃၁၁၇၇၄၊ ၀၉-၂၁၆၅၁၀၂၊**
**၀၉-၉၅၄၄၅၆၆၄၆၊ ၀၉-၄၀၃၇၀၀၇၆၀၊ ၀၉-၂၅၆၀၁၄၂၅၁**

## အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စု မြို့သစ် ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးနွယ် ၁၁/ကတန(နိုင်)၀၆၅၂၀၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စု မြို့သစ် ရပ်ကွက်၊ ကွင်းအမှတ် ကျောက်တော်မြို့ ကွင်းအမှတ်(၁-က)၊ ကွင်းအမည် မြို့သစ်ကွင်း၊ အကွက်အမှတ် မြို့သစ်အကွက်၊ ဦးပိုင်အမှတ်(၂၉၈/၁)၊ မြေအမျိုးအစား အိမ်ရာမြေ၊ မြေအကျယ်အဝန်းပေ (၂၅x၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော ဦးလှမောင် ၁၁/ကတန(နိုင်)၀၀၀၈၅၁ နှင့် ဒေါ်ငွေခိုင်အေး ၁၁/ကတန (နိုင်) ၀၀၀၈၅၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးနွယ်က ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိထား ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်တွင် အမည်မသိလူတစ်စုမှ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးအုတ်တံတိုင်းအားဖြိုဖျက်ပြီး သစ်သားတံခါးတစ်ခုတပ်ဆင်၍ သော့ခတ်ခြင်းများ ပြုလုပ်ထားပါသဖြင့် ထိုသို့ပြုလုပ်ခဲ့သူမှ ဤအများပြည်သူသိစေရန် အသိပေးကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဖြုတ်သိမ်းပြီး နဂိုမူလအတိုင်း ပြန်လည်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ပါက ဒေါ်အေးအေးနွယ်၏ နစ်နာမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် အထက်ဖော်ပြပါ ဒေါ်အေးအေးနွယ် လက်ရှိထားပိုင်ဆိုင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးအေးနွယ်၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ တစ်နည်းနည်းဖြင့် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် တစ်နည်းနည်းဖြင့်ကျူးကျော်ဝင်ရောက်နှောင့်ယှက်နေထိုင်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုပြုံး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၀)**
**ဥပဒေရေးရာအတိုင်ပင်ခံနှင့် ဥပဒေဆိုင်ရာအကြံပေး**
**ရုံးခန်း-အမှတ်(၅၂၉)၊ နွယ်သာကီ(၄)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၇၇၈၇၄၈၇**

**ပျောက်ဆုံးကြောင်း**

အောင်ပြည့်ပိုင်(၁)ရညန/ရက-၈၆၀ ရေယာဉ်၏ မြင်းကောင်ရေ ၂၀ အထက် မှတ်ပုံတင်လက်မှတ်၊ လုပ်ငန်းလိုင်စင် အပိုင်း ၁+၂ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးထင်လင်းအောင် ဖုန်း-၀၉-၂၆၁၃၉၁၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ အပိုင်း(၆)၊ ဓမ္မပါလလမ်း၊ အမှတ်(၈၄)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၁၈ ပေ x အနံ ၆၅ပေ) အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးဇော်ဝင်းထွန်း ၇/ပခန(နိုင်)၀၆၄၂၇၈ နှင့် ဒေါ်ခင်ခင်မို့ ၁၂/မဂဒ (နိုင်)၀၆၉၂၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူ ရင်း)များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စွာထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် LL.B, D.M.L**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၅၉)၊ ရတနာပုံလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၅၁၈၈၄၁၂**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့ (ဃ)ရပ်ကွက်နေ မအိအိအောင် ၅/ယမပ (နိုင်)၀၉၀၇၇၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၆-၁၉၉၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ ဘက်ရဲ အထက Grade-8(B)မှ မမြတ်နိုးဝေ ၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်လင်း ၇/သကန (နိုင်)၀၈၂၆၅၆ ဖြစ်ပါကြောင်း။

**ဦးရန်နိုင်လင်း**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက (ညောင်ကုန်း)၊ သတ္တမတန်း(အောင်)မှ မပကောင်းထော၏ ဖခင်အမည်မှန်မှာ ဦးသီဟလင်း ၁၀/သဖရ(နိုင်) ၁၀၆၁၀၆ ဖြစ်ပါကြောင်း။ **ဦးသီဟလင်း**

## မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အမက (လွန်) တောင်ကလေး(အရှေ့စု)၊ Grade-4 မှ မောင်ထက်မြတ်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်နန္ဒာ ဖြစ်ပါကြောင်း။

**ဒေါ်နန္ဒာ**

## အမည်မှန်

မန္တလေးအောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် အကွက်အမှတ်(၆၅)နေ ဦးကျော်မင်းဆန်း-ဒေါ်နန်းခင်မျိုးထွန်းတို့၏သား မောင်ရှင်းထက်အောင်၏ အမည်မှန်မှာ မောင်လင်းထက်အောင် ၁၃/မဆတ(နိုင်) ၀၈၄၅၁၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးချစ်ကိုကို၏သမီးဖြစ်သူ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် အမက (၁၈) Grade 1-A မှ မနေနေလင်း (ခ) မကြယ်စင်မြင့်မြတ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

လှိုင်သာယာမြို့နယ်၊ ကုလားကြီးစု ကွက်သစ်၊ စိန်သရဖူ(၁)လမ်း၊ အမှတ်(၅၆၈) နေ ဦးတင်ကိုကို ၇/မလန(နိုင်)၀၈၆၉၄၅ ၏ သား အမက(၈) KG တန်းမှ မောင်လင်းမြတ်ကျော်အား စွမ်းထက်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **စွမ်းထက်ဦး**

## အမည်မှန်

မန္တလေးအောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် အကွက်အမှတ်(၆၅)နေ ဦးကျော်မင်းဆန်း-ဒေါ်နန်းခင်မျိုးထွန်းတို့၏သား မောင်ရှင်းသန့်လင်း၏ အမည်မှန်မှာ မောင်ဝင်းထက်အောင် ၁၃/မဆတ(နိုင်) ၀၈၄၅၁၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4897 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရွှေဘို)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/3866 Nissan Van Vay 12 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးမောင် ၉/မထလ (နိုင်)၂၆၃၄၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (မိတ္ထီလာခရိုင်)

## အထူးဝမ်းနည်းကြေကွဲခြင်း
## အလင်္ကာကျော်စွာ၊ စည်သူ ဦးရွှေနန်းတင်
## (မြန်မာနိုင်ငံသဘင်အစည်းအရုံး နာယက)
## အသက်(၉၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်နေ အလင်္ကာကျော်စွာ၊ စည်သူ ဦးရွှေနန်းတင်(မြန်မာနိုင်ငံသဘင်အစည်းအရုံး နာယက)သည် ၆-၆-၂၀၂၂ရက် ၁၃:၃၅နာရီတွင် ၎င်း၏နေအိမ်၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**ဝန်ထမ်းများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဦးထွန်းမြင့်
### (အကောက်ခွန်မှူး-ငြိမ်း)ဆည်မြောင်း
### အသက်(၇၉)နှစ်

ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၊ အပိုင်း(၁)၊ အမှတ် (၁/၁၀/၁၄၂)နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဒေါ်မိမိုးမိုးအောင်(ရုံးအုပ်ကြီး၊ နေပြည်တော်)၊ ဦးစိုးသိမ်း-ဒေါ်မိတင်တင်မိုး၊ ဦးကျော်စွာအောင်-ဒေါ်မိခင်ခင်မိုး၊ ဒေါ်မိဆန္ဒဖြူ၊ ဒေါ်ဖြူဖြူမြင့်၊ ဦးစည်သူမင်း-ဒေါ်ဇင်ဇင်မိုးတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၆-၆-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၀-၆-၂၀၂၂ရက်(သောကြာနေ့)နံနက် ၅:၃၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြတ်လေး(၂)လမ်း၊ (၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(C-၁၃)၊ မြေ ကွက်အမှတ်(၆၀)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၆၀ x ၆၀)ပေရှိ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း ၁၂/အလန(နိုင်) ဝ၂၁၉၆၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူ ထားပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိသူများထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဝင်းထက်ဦး(LL.B) | ဒေါ်ဝေမိုးသူ(LL.B) |
| အထက်တန်းရှေ့နေ(စဥ်-၄၀၈၇၄) | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၃၅၂) |
| ဖုန်း-၀၉-၆၅၀၉၅၇၃၇၃ | ဖုန်း-၀၉-၄၂၁၁၄၉၇၆၈ |

မင်္ဂလာဒုံမြို့နယ်ရှေ့နေများ နားနေခန်း၊ မင်္ဂလာဒုံမြို့နယ်တရားရုံးဝင်း

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် (၃၈၄၊ ၃၈၅)၊ ဧရိယာ(၅ဒသမ၂၈၀)ဧကရှိ ဒေါ်သန်းသန်းဌေး ၁၄/ဘကလ(ပြု) ၀၀၀၀၃၉ အမည်ပေါက် စက်မှုပါမစ် မြေကွက်နှင့် မြေကွက်အမှတ် (၃၈၆၊ ၃၈၇၊ ၃၈၈)ဧရိယာ (၇ဒသမ၃၄၆) ဧကရှိ ဦးစူပရာမန်းနီး (ခ) ဦးအောင်မြင့် ၁၄/ဘကလ(ပြု) ၀၀၀၀၁၁ အမည်ပေါက် စက်မှုပါမစ်မြေကွက်(၂)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဖော်ပြပါ စက်မှုပါမစ်မြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုကြသူ ဦးခင်ထွေး ၁၂/လသန(နိုင်) ၀၁၄၂၀၄ နှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၃-၉-၂၀၁၄) ရက်စွဲပါ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၁၄)နှင့်(၂၆၁၄၃) ရရှိသူ ဒေါ်မြင့်မြင့်ရီ ၁၂/လသန(နိုင်) ၀၀၈၀၆၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၅၁၇၀၀)**
**ဖုန်း-၀၉-၄၂၆၇၇၉၉၉၃**
**YILINK REAL ESTATE & BUSINESS SERVICE CENTER**
**NO.E-5/ Sagawar Street/FMI City.Hlaingtharyar.**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/90230, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဖြိုးအောင် ၁၄/ရကန(နိုင်)၁၃၄၀၈၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 36W/58207, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဝါးဒိုရှီး ၁၄/ပသန(နိုင်)၂၂၁၇၆၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့၊ စမ်းကြီးဝရပ်ကွက်၊ ဝိသကြုံလမ်းသွယ်(၂)၊ အိမ်အမှတ်(၁၉/က) နေဦးတင်ဝင်း ၇/သနပ(နိုင်) ဝ၇၇၄၂၁၏ သမီး မအေးအေးမော်သည် မိဘအား စိတ်ဆင်းရဲ စရာ အမျိုးမျိုးပေးပြီး အိမ်ကထွက်သွားပါသည်။ ထို့ကြောင့် မအေးအေးမော်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မအေးအေးမော်နှင့်ပတ်သက်သမျှကိစ္စအဝဝကို ကျွန်တော်တာဝန်မယူပါ။

**ဦးတင်ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သဘင်ပါရဂူကြီး အလင်္ကာကျော်စွာ၊ စည်သူ
## ဦးရွှေနန်းတင်
### (နာယက၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး)
### အသက်(၉၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်နေ သဘင်ပါရဂူကြီး အလင်္ကာကျော်စွာ၊ စည်သူ ဦးရွှေနန်းတင်(နာယက၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး )သည် ၆-၆-၂၀၂၂ရက် (တနင်္လာနေ့) ၁၃:၃၅နာရီတွင် (၉၉)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဇနီး ဒေါ်တင်တင်ညွှန့်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးကျေးဇူးတင်လွှာ
## ၂၈-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးမြင့်ဟန်
### (မောင်ဟန်ဝင်း၊ ထန်းတပင်)
### (မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်)
### အသက်(၈၂)နှစ်

နာမကျန်းစဉ်နှင့် ဈာပနအခမ်းအနားတို့တွင် အဘက်ဘက်မှ ကူညီပေးပါသော ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပ နှင့် တသက်တာ ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန(MLRC)မှလုပ်ဖော်ကိုင်ဖက်များ၊ ပညာတန်ဆောင် မဂ္ဂဇင်းအုပ်ချုပ်ရေးအဖွဲ့ နှင့် ဝန်ထမ်းများ၊ စံပြမူကြိုမှ တပည့် ဆရာမများ၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့ အထကမှ ဆရာကန်တော့ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တပည့်ဟောင်းများ၊ အင်းစိန်မြို့၊ မြို့သစ် ခ/၁၀ လမ်းမှ လမ်းသူ လမ်းသားများ၊ မအားလပ်သည့်ကြားမှ လူကိုယ်တိုင် လာရောက်အားပေးကြ၍ ဈာပနအခမ်းအနားသို့ လိုက်ပါ ပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်ဆွေများ၊ သင်္ကန်း၊ လှူဖွယ် ဝတ္ထု၊ ပန်းခြင်းများ ပို့ဆောင်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသူများ၊ ရပ်နီးရပ်ဝေး၊ နိုင်ငံခြားမှ Phone,Facebook,Messenger,Viberတို့ဖြင့် သတင်းမေးဆုတောင်းပေးကြသူ မိတ်ဆွေသင်္ဂဟများ၊(UNESCO, Japan)အဖွဲ့၏DGနှင့် အခြားကျန်ရှိသော ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
## ဒေါ်ခင်သွယ်အေး(အမာ)
## မြို့မကျောင်းဆရာမဟောင်း
## အသက်(၉၅)နှစ်

(နေရှင်နယ် ဦးအေး-ဒေါ်နုနု)တို့၏သမီးကြီး၊ (ဦးထွန်းလွင်)၏ဇနီး သည် ၃၁-၅-၂၀၂၂ရက် နံနက်တွင် အင်္ဂလန်နိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း မြို့မ မိသားစုများအား အကြောင်းကြားအသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၉) သတ္တမတန်း Grade(8)မှ မခေါန်မိုင်၏ မိခင်အမည်မှန်မှာ ဒေါ်လဖန်းနင် ၁/ပတအ(နိုင်)၀၃၉၃၁၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အမက(၁)၊ နတ်ကြီးကုန်းကျောင်း Grade- 2 မှ မောင်ဟိန်းမင်းကို၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဝင်း ၁/ မကတ(နိုင်) ၁၄၅၆၆၈ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးစောမုဒို၏သမီး မြစ်ကြီးနားမြို့၊ အမှတ်(၂)လ(ခွဲ)စီတာပူ ပဉ္စမတန်း (စနစ်သစ်)မှ မနော်လယ်မယ်နာ၏ အမည်မှန်မှာ မနော်မာသဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးလှိုင်ဝင်း ၁၂/ဒဂရ(နိုင်)၀၂၃၂၄၈ ၏သား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အထက(၁) အဋ္ဌမတန်း(A) မှ မောင်ကျော်ဇင်ဟိန်းအား မောင်မြတ်သောမောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်သောမောင်**

## အမည်မှန်

ဦးဝင်းဝင်း ၉/ နထက(နိုင်)၁၂၇၄၅၅ ၏သား မြစ်ကြီးနားမြို့၊ အထက(၇) သတ္တမတန်းGrade- 8 မှ မောင်ဝေလင်းဦး၏ အမည်မှန်မှာ မောင်ဝေယံထက် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ခွဲ) သဃ်န်းညီနောင် Grade-(8) မှ မချစ်ချစ်ခင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၁၂/ မဘန(နိုင်)၁၅၂၄၂၂ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ)(ရမ်ပူ-၁)၊အဋ္ဌမတန်းမှ မနီလာ၏ ဖခင်အမည်မှန်မှာ ဦးရှိဟိ(သ်)ကူမာရ် ၁/မကန(နိုင်) ၁၂၄၅၁၃ ဖြစ်ပါ ကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ကျီရပ်ကုန်းကျေးရွာ အထက၊ ကျီရပ်ကုန်းကျောင်း Grade-8 တန်းတွင် ပညာသင်ကြားနေသော မဆုရတီဇော် ၏ ဖခင် အမည်မှန်မှာဦးဇော်ဇော်လတ်၈/မထန(နိုင်)၀၉၃၀၅၀ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်လတ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ ဒေါ်ခိုင်ချိုချိုအောင် ၁၃/ကတန(နိုင်)၀၀၀၀၂၃ (ဘ)ဦးအောင်လှ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၂၈၇၈)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၃၃၀/၂၀၂၁ (၁၃-၁၂-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနေမျိုးပိုင် ၁၄/ ဘကလ(နိုင်)၂၁၃၀၂၉ (ဘ)ဦးကြည်အောင်မှ ဒေါ်သင်းသင်းဝေ ၅/ယမပ(နိုင်)၀၉၄၃၃၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## Capt. ဝင်းမော်(Master Mariner)
## EX-MASTER GEWIN MARITIME CO.,LTD(JAPAN)(ငြိမ်း)
## PPFC ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း(ငြိမ်း)
## အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၉၄/ခ)နေ (ဦးထွန်းတင်-ဒေါ်အေးမြင့်)တို့၏သား၊ (ဦးသန်း - ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်မှူးအောင်ငြိမ်းချမ်း)-ဒေါ်ခိုင်မာလာမော်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မသွန်းနေခြည်ငြိမ်းချမ်း၏ ချစ်လှစွာသောအဘိုး၊ Capt.ဝင်းမော်သည် ၆-၆-၂၀၂၂ရက် (တနင်္လာနေ့)၊ ညနေ (၅:၃၉)နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ တက်လမ်းဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၈-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၂ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သဘင်ပါရဂူကြီး အလင်္ကာကျော်စွာ၊ စည်သူ
## ဦးရွှေနန်းတင်
## (မြန်မာနိုင်ငံသဘင်အစည်းအရုံး နာယက)
## အသက်(၉၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်နေ သဘင်ပါရဂူကြီး အလင်္ကာကျော်စွာ၊ စည်သူ ဦးရွှေနန်းတင် (မြန်မာနိုင်ငံသဘင်အစည်းအရုံးနာယက)သည် ၆-၆-၂၀၂၂ရက် ၁၃:၃၅နာရီတွင် ၎င်း၏နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## ဒေါ်အုန်းမေ
### (အလပြ-ငြိမ်း)
### အသက်(၇၄)နှစ်

ဦးဘညာဏ်-ဒေါ်လှထူးတို့၏သမီး၊ (ဦးစိန်သောင်း)(အင်ဂျင်နီယာမှူး-ငြိမ်း) MRTV ၏ ဇနီး၊ ဦးသော်နီဇော်-ဒေါ်နွယ်ဇင်လင်း၊ ဦးမျိုးဝင်းအောင်-ဒေါ်အိအိစိမ့်၊ ဒေါ်အိအိသိမ့်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ငါးယောက်တို့၏ အဘွား၊ မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ နယ်မြေ (၁၁)နေ ဒေါ်အုန်းမေ (အသက်-၇၄ နှစ်)သည် ၃-၆-၂၀၂၂ ရက်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၂၂ရက်တွင် မြင်းခြံမြို့၊ ဆူးဖြူကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

၇-၆-၂၀၂၂ရက် မြင်းခြံမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

မှော်ဘီမြို့၊ ကုလားကြီးကုန်းကျေးရွာ၊ နတ်စင်လမ်း၊ အကွက်အမှတ်-၈၀၄တွင် ကျွန်တော် ဦးလှိုင်ဘွားမှ KCT အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း ဦးလှိုင်ဘွားထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viberဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှိုင်ဘွား**
**R.O & UV System Purified Drinking Water**
**အကွက်အမှတ်-၈၀၄၊ကုလားကြီးကုန်းကျေးရွာ၊ နတ်စင်လမ်း၊ မှော်ဘီမြို့**
**ဖုန်း-၀၉-၂၅၀၂၇၃၈၂၈၊ ၀၉-၇၆၃၂၀၉၆၂၀**
**Viber-၀၉-၉၆၀၆၇၉၅၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းမြို့မဈေး၊ ရုံ/အမှတ်(ခ)၊ ဆိုင်ခန်းအမှတ် ၆၇၊ ဆိုင်ခန်းအငှားချခံရသူ ဒေါ်နီလာလှ ၁၂/ရကန(နိုင်)၀၆၄၆၃၂၏ ဆိုင်ခန်းမှတ်ပုံတင်အမှတ် S-44299 ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**ဖုန်း-၀၉-၇၉၈၅၄၅၈၁၉**

## အမည်ပြောင်း

ဦးကျော်သူဝင်း ၈/အလန(နိုင်) ၁၃၁၀၁၁၏သား အောင်လံမြို့နယ် အထက(ကသစ်)ကန်ကျောင်း Grade-5မှ မောင်ဟန်ဘုန်းမြတ်အား မောင်ဘုန်းမင်းသန့် ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းမင်းသန့်**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ကျီရပ်ကုန်းကျောင်း Grade-6မှ မနှင်းလဲ့ရွှေရည်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြတ် ၈/ကမန(နိုင်) ၀၂၉၁၆၀ ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်**

## အမည်နှင့်မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် အလက(ခွဲ) မကျည်းတန်းကျောင်း grade(9)မှ စောအယ်စောထူးနှင့် Grade-7မှ မအေးကြွယ်တို့၏ အမည်နှင့်မွေးသက္ကရာဇ်အမှန်မှာ မောင်မြတ်သူကျော် (၂၁-၃-၂၀၀၇)နှင့် မခင်စုစုပြည့် (၁၀-၁-၂၀၀၉)ဖြစ်ပြီး ဖခင်ဖြစ်သူ ဦးလင်းဇေယျာဦး ၇/ရကန(နိုင်) ၀၀၁၀၇၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သန်လျင်မြို့နယ်၊ သီလဝါနေ ဦးအောင်ဇေယျ-ဒေါ်အိဖြူနွယ်တို့၏ သမီး မသဒ္ဓါစိုး(ခ)မကြည်ဖြူအောင်မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအိန်ခမ်းစော ၁၃/တခလ(နိုင်) ၁၁၃၃၀၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၁၄၉၁၄၉**

## မွေးသက္ကရာဇ်အမှန်

ဦးတင့်လွင်၏သမီး တာချီလိတ်မြို့၊ ရှမ်းရှေ့တန်ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စမတန်းမှ မအိအိမွန်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၅-၂၀၁၁) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(၂)ကျောင်းမှ မဖြူစင်မင်းမင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလတ်ထွန်း ၇/ပခန(နိုင်) ၃၂၇၃၄၀ဖြစ်ပါကြောင်း။

**ဦးဇော်မင်းလတ်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်းအမှတ် ၁၁၇၆-က၊ ရေကျော်ကွင်း၊ ဦးပိုင်အမှတ်(၃၈/၁)၊မြေဧရိယာ ၆ ဒသမ ၂၁၀ ဧက အနက်မှ ၀ဒသမ ၃၃ ဧက ရှိ ဦးစိုးသန်းအောင်အမည်မှ ဦးကျော်ထူးအောင် အမည်သို့ လျှောက်ထားလိုပါသဖြင့် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဘားအံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထံ ကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ဘားအံမြို့**

သင့်သွေးဖြင့် အသက်ကယ်ပါ

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ယူကရိန်းကိုအနိုင်ရပြီး နှစ်ပေါင်း ၆၄ နှစ်အကြာ ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည့် ဝေးလ်

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိရန် အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ဝေးလ်အသင်းနှင့် ယူကရိန်းအသင်းတို့ပွဲစဉ်ကို ဇွန် ၅ ရက် ညပိုင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ **(အပေါ်ပုံ)** ဝေးလ်အသင်းက အနိုင်ရရှိခဲ့သောကြောင့် ၁၉၅၈ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၆၄ နှစ်အကြာ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဝေးလ်အသင်းသည် ယူကရိန်းအသင်းကို ဖိအားပေးကစားနိုင်ခြင်း မရှိသော်လည်း ပွဲချိန် ၃၄ မိနစ်တွင် ယူကရိန်းကစားသမား ယာမိုလန်ကို ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သောဂိုးကြောင့် ကမ္ဘာ့ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယူကရိန်းအသင်းသည် ဝေးလ်အသင်းထက် ဂိုးတည့်မတ်မှုအသာ၊ ဂိုးကန်သွင်းမှုအသာ၊ ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဝေးလ်ဂိုးသမား ဟန်နက်ဆေ လက်စွမ်းပြကာကွယ်နိုင်မှုနှင့်အတူ အသင်းခံစစ်ကစားသမားများ အကောင်းဆုံးခုခံရှင်းထုတ်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ဖလားဝင်ခွင့်နှင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၄* ○

## စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်းအတွင်းရှိ ကျောင်းသုံးဗလာစာအုပ်များအပါအဝင် သင်ထောက်ကူပစ္စည်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီး

နေပြည်တော် ဇွန် ၆

မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ဆရာ၊ မိဘများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်း ဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက

*စာမျက်နှာ ၁၂ ကော်လံ ၄* ◆




(ယနေ့) မာ တိ ကာ

ရှန်ကျိ့ - ၁၄ အာကာသယာဉ်မှူးများ ထန်ကျိ့ - ၄ ကုန်တင်အာကာသယာဉ် အတွင်းသို့ ဝင်ရောက်

နိုင်ငံတကာသတင်း စာ - ၁၃

သန္တာကျောက်တန်းများတွင် ကင်ဆာရောဂါတိုက်ဖျက်နိုင်သည့် သဘာဝဓာတုဒြပ်ပေါင်းများ ပါဝင်နေကြောင်း လေ့လာတွေ့ရှိ



ဇီဝစုံလင်သဘာဝဝန်းကျင် စာ - ၁၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ - ၁၈